ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

၁၉၉၆ ခုနှစ်

# ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များနှင့် ကြေညာချက်များ

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

၁၉၉၆ ခုနှစ်

# ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များနှင့် ကြေညာချက်များ

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ဥပဒေများ


၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ .... ၃
(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၉၆)

၂။ မျက်စိလွှဒါနိုင်းခြင်းဆိုင်ရာ ဥပဒေ .... ၇
(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂/၉၆)

၃။ ၁၉၉၆ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ .... ၁၇
(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၃/၉၆)

၄။ ၁၉၉၆ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေ .... ၂၇
(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၄/၉၆)

၅။ နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို နှောင့်ယှက် ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေ .... ၄၉
(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၉၆)

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၆။ | အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/၉၆) | .... | ၅၇ |
| ၇။ | တိုင်းရင်းဆေးဝါးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၇/၉၆) | .... | ၇၉ |
| ၈။ | ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၈/၉၆) | .... | ၉၇ |
| ၉။ | ရုပ်ရှင်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/၉၆) | .... | ၁၁၇ |
| ၁၀။ | ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၀/၉၆) | .... | ၁၃၅ |


**နည်းဥပဒေများ**

မရှိပါ။

**အမိန့်များ**

မရှိပါ။

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


## ကြေညာချက်များ


၁၁။ အစိုးရအဖွဲ့ဝင် ဝန်ကြီး ခန့်အပ်ခြင်း .... ၁၅၇
(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
ကြေညာချက်အမှတ် ၁/၉၆)

၁၂။ လုံခြုံရေးနှင့် စီမံခန့်ခွဲရေး ကော်မတီအဖွဲ့ဝင်များအဖြစ်
တာဝန်ပေးအပ်ခြင်း .... ၁၆၁
(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
ကြေညာချက်အမှတ် ၂/၉၆)

၁၃။ အစိုးရအဖွဲ့ဝင် ဝန်ကြီးတာဝန်ပြောင်းလဲပေးအပ်ခြင်း ၁၆၅
(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
ကြေညာချက်အမှတ် ၃/၉၆)

၁၄။ အစိုးရအဖွဲ့ဝင် ဝန်ကြီးတာဝန် ပြောင်းလဲပေးအပ်ခြင်း ၁၆၉
(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
ကြေညာချက်အမှတ် ၄/၉၆)

၁၅။ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ခန့်အပ်ခြင်း .... ၁၇၃
(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
ကြေညာချက်အမှတ် ၅/၉၆)

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၆။ | အစိုးရအဖွဲ့ဝင် ဝန်ကြီးခန့်ထားခြင်း (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ကြေညာချက်အမှတ် ၆/၉၆) | .... | ၁၇၇ |
| ၁၇။ | အစိုးရအဖွဲ့ဝင် ဝန်ကြီးခန့်ထားခြင်း (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ကြေညာချက်အမှတ် ၇/၉၆) | .... | ၁၈၁ |

# ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ
## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၉၆)

၁၃၅၇ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်

(၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်—

၁။ ဤဥပဒေကို ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၄ တွင် ပါရှိသော "ကော်မတီ၏ ဥက္ကဋ္ဌ" ဆိုသည့် စကားရပ်နောက်တွင် "ဒုတိယ ဥက္ကဋ္ဌ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည်—

> ၅။ ကော်မတီ၏ဥက္ကဋ္ဌသည်ရန်ကုန်မြို့တော်ဝန်ဖြစ်ပြီး ကော်မတီ၏ ဒုတိယဥက္ကဋ္ဌသည် ဒုတိယ ရန်ကုန်မြို့တော်ဝန် ဖြစ်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# မျက်စိလှူဒါန်းခြင်းဆိုင်ရာဥပဒေ

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# မျက်စိလှူဒါန်းခြင်းဆိုင်ရာဥပဒေ

( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂/၉၆ )

၁၃၅၇ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်

(၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မျက်စိလှူဒါန်းခြင်းဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) မျက်စိ ဆိုသည်မှာ ရှေ့ဘက်ပိုင်းတွင် မျက်ကြည်ဖြင့် ကာရံထားပြီး နောက်ဘက်ပိုင်းတွင် မျက်ဖြူဖြင့် ကာရံထားသော အလုံးပုံသဏ္ဌာန်ရှိ အမြင်အာရုံဖြစ်စေသည့် လူ့ခန္ဓာအစိတ်အပိုင်းကို ဆိုသည်၊

(ခ) မျက်စိဘဏ် ဆိုသည်မှာ မျက်စိနှင့်စပ်လျဉ်း၍ ဆေးကုသရန်ဖြစ်စေ၊ သုတေသနပြုရန်ဖြစ်စေ၊ အခြားဆေးဘက်ဆိုင်ရာလုပ်ငန်း ပြုလုပ်ရန်ဖြစ်စေ မျက်စိကို ထုတ်ယူခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း တို့ကို ဆောင်ရွက်ရန် ဤဥပဒေအရ ဖွဲ့စည်းသည့် အဖွဲ့အစည်းကို ဆိုသည်၊

(ဂ) မျက်စိလှူဒါန်းသူ ဆိုသည်မှာ သေဆုံးသည့်အခါ မိမိ၏ မျက်စိကို ထုတ်ယူခွင့်ပြုကြောင်း ကြိုတင်ဆန္ဒပြုထားသူကို ဆိုသည်၊

(ဃ) မျက်စိထုတ်ယူခွင့်ရှိသူ ဆိုသည်မှာ မျက်စိဘဏ်အတွက် မျက်စိထုတ်ယူခြင်းပြုရန် ဤဥပဒေအရ သတ်မှတ်ထားသူကို ဆိုသည်၊

(င) မျက်စိထုတ်ယူခြင်း ဆိုသည်မှာ မျက်စိထုတ်ယူခွင့်ရှိသူက သေဆုံးသူ၏မျက်စိကို ဤဥပဒေနှင့်အညီ ထုတ်ယူခြင်းကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) မျက်စိအစိတ်အပိုင်းကို လဲလှယ်ခြင်းဖြင့် မျက်စိ ပြန်မြင်နိုင်သည့် မျက်စိရောဂါရှိသူများကို ကျယ်ကျယ်ပြန့်ပြန့် ကုသပေးနိုင်ရန်၊

(ခ) မျက်စိလှူဒါန်းသူ၏မျက်စိကို စနစ်တကျ ထုတ်ယူနိုင်ရန်၊

(ဂ) မျက်စိဘဏ်ရှိမျက်စိများကို စနစ်တကျ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းဖြင့် မျက်စိရောဂါကုသမှုကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်၊

(ဃ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပမှ ကုမ္ပဏီများ၊ ပြည်တွင်း ပြည်ပမှ ပုဂ္ဂိုလ်များ၏ အကူအညီနှင့် ပူးပေါင်းဆောင်ရွက်မှုရယူ၍ မျက်စိဘဏ်လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်။

## အခန်း (၃)

## အမျိုးသားမျက်စိဘဏ်ကော်မတီ ဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည်—

(က) အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်သော အမျိုးသားမျက်စိဘဏ်ကော်မတီကို ဖွဲ့စည်းရမည်—

(၁) ဝန်ကြီး .... ဥက္ကဋ္ဌ
ကျန်းမာရေး ဝန်ကြီးဌာန

(၂) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၃) သက်ဆိုင်ရာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၄) သင့်လျော်သော ပညာရှင်များ၊ ကျွမ်းကျင်သူများ — အဖွဲ့ဝင်များ

(၅) ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ — အတွင်းရေးမှူး

(ခ) လိုအပ်လျှင် အမျိုးသားမျက်စိဘဏ်ကော်မတီတွင် ဒုတိယဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူး တို့ကို သတ်မှတ်နိုင်သည်။

၅။ အစိုးရဝန်ထမ်းမဟုတ်သော အမျိုးသားမျက်စိဘဏ်ကော်မတီဝင်များသည် ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

## အခန်း (၄)

## အမျိုးသားမျက်စိဘဏ်ကော်မတီ၏ လုပ်ငန်းတာဝန်များ

၆။ အမျိုးသားမျက်စိဘဏ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များနှင့် အညီ မျက်စိဘဏ်လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန် မူဝါဒချမှတ်ခြင်း၊

(ခ) မျက်စိလှူဒါန်းလိုသူများ တိုးပွားလာရေးအတွက် လှုံ့ဆော်ရေးလုပ်ငန်း၊ ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်ခြင်း၊

(ဂ) မျက်စိထုတ်ယူခြင်း၊ အရည်အသွေး စစ်ဆေးခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့်စပ်လျဉ်း၍ စည်းကမ်းတကျဖြစ်စေရန် လမ်းညွှန်ခြင်း၊

(ဃ) မျက်စိကို ပြည်ပသို့တင်ပို့ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်းနှင့် စပ်လျဉ်း၍ စည်းကမ်းချက်များသတ်မှတ်ခြင်း၊

(င) မျက်စိဘဏ်လုပ်ငန်းဆိုင်ရာ ပညာရှင်များ၊ ကျွမ်းကျင်သူများ မွေးထုတ်ရန် စီမံဆောင်ရွက်ခြင်း၊

( စ ) မျက်စိဘဏ်လုပ်ငန်းဆိုင်ရာ သုတေသန လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊

( ဆ ) မျက်စိဘဏ်လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

( ဇ ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပမှ ကုမ္ပဏီများနှင့် ပြည်တွင်း ပြည်ပမှ ပုဂ္ဂိုလ်များထံမှ အကူအညီရယူခြင်း၊ အလှူငွေ၊ ထောက်ပံ့ငွေ၊ ပစ္စည်းတို့ကို လက်ခံခြင်းနှင့် သင့်လျော်သလို ခွဲဝေသုံးစွဲခြင်း။

၇။ အမျိုးသား မျက်စိဘဏ်ကော်မတီသည် လိုအပ်သောဒေသများတွင် မျက်စိဘဏ်ဖွဲ့စည်းရန် ကျန်းမာရေးဦးစီးဌာနသို့ ညွှန်ကြားနိုင်သည်။

၈။ အမျိုးသား မျက်စိဘဏ် ကော်မတီသည် ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့များကို လိုအပ်သလိုဖွဲ့စည်းပြီး ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးနိုင်သည်။

## အခန်း (၅)

## မျက်စိလှူဒါန်းခြင်း

၉။ အသက် ၁၈ နှစ်ပြည့်ပြီးသူကဖြစ်စေ၊ အသက် ၁၈ နှစ်မပြည့်သေးသော်လည်း အုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိသူကဖြစ်စေ မျက်စိလှူဒါန်းနိုင်သည်။

၁၀။ မျက်စိဘဏ်သည် မျက်စိလှူဒါန်းခြင်းကို သတ်မှတ်ချက်များနှင့်အညီ လက်ခံနိုင်သည်။

၁၁။ မျက်စိဘဏ်သည် မျက်စိလှူဒါန်းခြင်းကို လက်ခံလျှင်—

(က) မျက်စိလှူဒါန်းသူများ မှတ်ပုံတင်စာအုပ်တွင် အမည်စာရင်း ရေးသွင်းရမည်၊

( ခ ) မျက်စိလှူဒါန်းသူအား အသိအမှတ်ပြုလွှာ ထုတ်ပေးရမည်။

၁၂။ မျက်စိလှူဒါန်းသူသည် ဆေးရုံ သို့မဟုတ် ဆေးခန်း၌ သေဆုံးလျှင် သက်ဆိုင်ရာ ဆေးရုံ သို့မဟုတ် ဆေးခန်းမှ တာဝန်ရှိသူက မျက်စိဘဏ်သို့ ချက်ချင်းအကြောင်းကြားရမည်။

၁၃။ မျက်စိလှူဒါန်းသူသည် ဆေးရုံ သို့မဟုတ် ဆေးခန်းမှအပ အခြားနေရာ တစ်ခုခု၌ သေဆုံးလျှင် ဆွေမျိုးသားချင်းက မျက်စိဘဏ်သို့ ချက်ချင်းအကြောင်းကြားရမည်။

၁၄။ (က) မျက်စိလှူဒါန်းသူသည် အသိအမှတ်ပြုလွှာကို ပြန်လည်အပ်နှံကာ မိမိ၏ မျက်စိလှူဒါန်းခြင်းကို ပယ်ဖျက်ပေးရန် မျက်စိဘဏ်သို့ အကြောင်းကြားနိုင်သည်၊

( ခ ) ပုဒ်မခွဲ(က)အရ အကြောင်းကြားလျှင် မျက်စိဘဏ်သည် မျက်စိလှူဒါန်းသူများ မှတ်ပုံတင်စာရင်းတွင် အဆိုပါ မျက်စိလှူဒါန်းသူ၏ အမည်ကို ပယ်ဖျက်ပေးရမည်။

## အခန်း (၆)

## မျက်စိထုတ်ယူခြင်း

၁၅။ အောက်ပါ ပုဂ္ဂိုလ်များသည် မျက်စိ ထုတ်ယူခွင့်ရှိသူများ ဖြစ်သည်—

(က) မျက်စိအထူးကုဆရာဝန်၊

( ခ ) မျက်စိရောဂါကု ဘွဲ့လွန်သင်တန်း တက်ရောက်နေသည့် ဆရာဝန်၊

(ဂ) မျက်စိဆေးရုံက မျက်စိထုတ်ယူရန် တာဝန်ပေးအပ်ခြင်း ခံရသော ဆရာဝန်၊ သူနာပြု သို့မဟုတ် ကျွမ်းကျင်သူ၊

(ဃ) ကျန်းမာရေးဦးစီးဌာနက အသိအမှတ်ပြုသည့် မျက်စိ ထုတ်ယူရေးဆိုင်ရာ သင်တန်းအောင်မြင်ပြီးသူ၊

(င) မှူခင်းဆရာဝန်ကြီး။

၁၆။ မျက်စိထုတ်ယူခွင့်ရှိသူသည် အောက်ပါ သေဆုံးသူ တစ်ဦးဦး၏ မျက်စိကို ထုတ်ယူခွင့်ရှိသည်—

(က) မျက်စိလှူဒါန်းသူ၊

(ခ) ခန္ဓာကိုယ်လှူဒါန်းသူ၊

(ဂ) ပိုင်ရှင်မရှိသူ၊

(ဃ) မျက်စိထုတ်ယူရန် ဆွေမျိုးသားချင်း တစ်ဦးဦးက ခွင့်ပြု ခြင်း ခံရသူ၊

(င) မျက်ကြည်လွှာ ထုတ်ယူခြင်းကို မှူခင်းဆရာဝန်ကြီးက ခွင့်ပြုသည့်ပြင် အနီးစပ်ဆုံး ဆွေမျိုးကလည်း ကန့်ကွက် ခြင်းမရှိသော မှုခင်းဖြစ်ရပ်တွင် သေဆုံးသူ။

၁၇။ ပုဒ်မ ၁၂ သို့မဟုတ် ပုဒ်မ ၁၃ အရ အကြောင်းကြားသည့်အခါ မျက်စိဘဏ်သည် မျက်စိကို သတ်မှတ်သည့် အချိန်အတွင်း ထုတ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

## အခန်း (၇)

## မျက်စိသိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း

၁၈။ မျက်စိဘဏ်သည် ထုတ်ယူရရှိသော မျက်စိများ၊ ပြည်တွင်းသို့ တင်သွင်းသော မျက်စိများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ သိုလှောင်ထားရှိရမည်။

၁၉။ မျက်စိဘဏ်သည် သိုလှောင်ထားသော မျက်စိများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဖြန့်ဖြူးရမည်။

## အခန်း (၈)

### အထွေထွေ

၂၀။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် မျက်စိထုတ်ယူခွင့်ရှိသူ တစ်ဦးဦးကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့် သော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၂၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်—

(က) ကျန်းမာရေး ဝန်ကြီးဌာန သည် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ကျန်းမာရေး ဝန်ကြီးဌာန၊ အမျိုးသား မျက်စိဘဏ်ကော်မတီ သို့မဟုတ် ကျန်းမာရေး ဦးစီးဌာန သည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# ၁၉၉၆ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# ၁၉၉၆ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၃/၉၆)

၁၃၅၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၇ ရက်

( ၁၉၉၆ ခုနှစ်၊ မတ်လ ၂၅ ရက် )

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

### အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၁၉၉၆ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ၁၉၉၅-၉၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်ရမည်။

# အခန်း (၂)

## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့ အစည်းများနှင့် စပ်လျဉ်း၍ ဇယား (၁)၊ (၂) နှင့် (၃) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်၊

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည် ၁၉၉၅ ခုနှစ်၊ နိုင်ငံတော်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်၊

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၁၉၉၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

# အခန်း (၃)

## ငွေချေးယူခြင်း

၄။ ၁၉၉၅ ခုနှစ်၊ နိုင်ငံတော်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ ပုဒ်မ ၁၂ တွင် ဖော်ပြထားသည့် ငွေချေးစာချုပ် ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူလက်ခံရရှိသည့် ငွေပမာဏအပြင် နောက်ထပ် ကျပ်သန်း သုံးသောင်း တိုးမြှင့်လျာထားလိုက်သည်။

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် စာရင်းစစ်ချုပ်

| အမှတ်စဉ် | ၁၉၉၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့် သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံး ငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေ အတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| | ၁ | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ | နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၂၆,၁၆၅,၀၀၀ | | .... | ၁၀,၆၂၀,၀၀၀ | | | | |
| | ၃ | အစိုးရအဖွဲ့ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန် ပေးသူ | ၇,၂၅၀,၀၀၀ | | ၂,၄၁၀,၀၀၀ | ၁၆၄,၄၉၉,၀၀၀ | | | | |
| | ၄ | တရားသူကြီးချုပ် | တရားသူကြီးချုပ် သို့မဟုတ် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၁,၂၅၀,၀၀၀ | | .... | ၄၂၀,၀၀၀ | | | | |
| | ၅ | ရှေ့နေချုပ် | ရှေ့နေချုပ် သို့မဟုတ် ရှေ့နေချုပ်က တာဝန် ပေးသူ | ၈,၇၁၈,၀၀၀ | | .... | ၁,၃၇၁,၀၀၀ | | | | |
| | ၆ | စာရင်းစစ်ချုပ် | စာရင်းစစ်ချုပ် သို့မဟုတ် စာရင်းစစ်ချုပ်ကတာဝန် ပေးသူ | | | .... | ၉,၃၀၀,၀၀၀ | | | | |
| | | ပေါင်း ... | | ၄၃,၃၈၃,၀၀၀ | | ၂,၄၁၀,၀၀၀ | ၁၈၆,၂၂၁,၀၀၀ | | | | |

| အမှတ်စဉ် | ၁၉၉၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ဆက်ခွင့်ပြုသည့် သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံး ငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများအတွက် ရင်းနှီးငွေ | ငွေဆောင်ငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေ အတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ၁ | နိုင်ငံခြားရေး | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၅,၃၇၀,၀၀၀ | ... | ၃၄၈,၀၀၀ | ၁၅,၀၇၄,၉၈၀ | | | | |
| ၂ | ၂ | ကာကွယ်ရေး | ၎င်း | ၇၅၉,၀၂၂,၀၀၀ | --- | -- | ၅,၆၆၂,၂၃၈,၀၀၁ | | | | |
| ၃ | ၃ | နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေး | ၎င်း | ၆,၁၁၇,၀၃၀ | --- | ၁၉၂,၀၀၀,၀၀၀ | ၃၀၆,၃၃၁,၀၄၀ | | | | |
| ၄ | ၄ | ပြည်ထဲရေး | ၎င်း | ၂၆၈,၀၀၇,၀၀၀ | ... | ၁၁၇,၅၉၂,၀၀၀ | ၁၁၁,၄၅၉,၈၀၀ | | | | |
| ၅ | ၅ | သာသနာရေး | ၎င်း | ၃၁,၀၂၈,၀၀၀ | — | ... | ၅,၁၄၅,၀၀၀ | | | | |
| ၆ | ၆ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး | ၎င်း | ၅,၉၅၈,၀၁၀ | — | ၂,၄၃၁,၀၀၀ | ၂၆,၆၅၅,၀၀၀ | | | | |
| ၇ | ၇ | ပြန်ကြားရေး | ၎င်း | ၂,၇၄၇,၀၀၀ | — | — | ၄၆,၀၂၅,၀၀၀ | | | | |
| ၈ | ၈ | ယဉ်ကျေးမှု | ၎င်း | ၁၃,၇၄၆,၀၀၀ | — | — | ၂၁၆,၅၄၉,၂၄၀ | | | | |
| ၉ | ၉ | ပညာရေး | ၎င်း | ၉၀,၉၃၁,၁၀၀ | — | — | ၇၉၀,၆၅၇,၆၀၀ | | | | |
| ၁၀ | ၁၀ | ကျန်းမာရေး | ၎င်း | ၁၆,၆၆၀,၀၀၀ | — | — | ၂၇၄,၂၆၁,၀၀၀ | | | | |
| ၁၁ | ၁၁ | အလုပ်သမား | ၎င်း | ၉၄၆,၀၀၀ | — | ... | ၅၄၀,၀၀၀ | | | | |
| ၁၂ | ၁၂ | သစ်တောရေးရာ | ၎င်း | ၂၃,၁၄၇,၀၀၀ | — | ၈၅,၃၀၀ | ၉၆,၂၄၅,၉၈၀ | | | ၄၀,၁၀၀,၀၀၀ | |
| ၁၃ | ၁၃ | ထယ်ယာစိုက်ပျိုးရေး | ၎င်း | ၅၄၃,၈၈၄,၀၀၀ | — | — | ၃,၆[illegible],၄၁၃,၀၀၀ | | | | |
| ၁၄ | ၁၄ | မွေးမြူရေးနှင့် ရေလုပ်ငန်း | ၎င်း | ၁,၂၅၆,၀၀၀ | — | ... | ၁၃,၂၇၆,၀၀၀ | | | ၈,၉၂၅,၀၀၀ | |
| ၁၅ | ၁၅ | သတ္တုတွင်း | ၎င်း | ၇၀၂,၀၀၀ | ... | ... | ၄၇၅,၀၀၁ | | | | |
| ၁၆ | ၁၆ | အမှတ် (၁) စက်မှု | ၎င်း | ၇၅,၀၀၀ | — | — | .... | | | | |
| ၁၇ | ၁၈ | စွမ်းအင် | ၎င်း | ၂၄၉,၀၀၀ | ... | ... | ... | | | | |
| ၁၈ | ၁၉ | ဆောက်လုပ်ရေး | ၎င်း | ၃၄၄,၉၇၇,၀၀၀ | — | — | ၁,၅၅၅,၂၉၄,၀၀၀ | | | | |
| ၁၉ | ၂၀ | ပို့ဆောင်ရေး | ၎င်း | ၁,၄၁၆,၀၀၀ | — | ... | ၆၆၂,၄၈၉,၇၇၀ | | | | |
| ၂၀ | ၂၁ | ရထားပို့ဆောင်ရေး | ၎င်း | ၉၀၆,၀၀၀ | ... | ... | ... | | | | |
| ၂၁ | ၂၂ | ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း | ၎င်း | -- | ... | ... | ၃,၅၉၆,၀၀၀ | | | | |
| ၂၂ | ၂၃ | ကုန်သွယ်ရေး | ၎င်း | ၄,၁၁၉,၀၀၀ | — | — | ၃၉၇,၀၀၀ | | | | |
| ၂၃ | ၂၄ | ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း | ၎င်း | ၁,၇၃၆,၀၀၀ | — | ... | ၂,၃၄၇,၀၀၀ | | | | |
| ၂၄ | ၂၅ | သမဝါယမ | ၎င်း | ၁၅၄,၀၀၀ | — | ... | ၄၄,၂၇၅,၀၀၀ | | | | |
| ၂၅ | ၂၆ | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၇,၆၄၂,၀၀၀ | ... | ... | ၂၆၇,၀၀၀ | | | | |
| ၂၆ | ၂၇ | ဘဏ္ဍာရေးနှင့် အခွန် | ၎င်း | ၂၁၂,၈၇၂,၀၀၀ | ၁,၃၀၀,၀၀၀,၀၀၀ | ၁,၄၅၀,၈၅၂,၀၀၀ | ၅၄,၁၇၇,၉၀၀ | ၂၀၉,၁၆၄,၀၀၀ | | ၉၂,၀၀၀,၀၀၀ | |
| ၂၇ | ၂၈ | ပင်စင်လစာငွေများနှင့် ဆုငွေများ | ၎င်း | ၃၁၁,၂၄၀,၀၀၀ | ... | ... | ... | | | | |
| ၂၈ | ၃၁ | လုပ်ငန်းမှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၎င်း | ၇၆၇,၀၀၀ | ... | ... | ၁၂,၀၂၉,၇၀၀ | | | | |
| | | ပေါင်း — | | ၂,၆၅၄,၇၄၀,၀၃၀ | ၁,၃၀၀,၀၀၀,၀၀၀ | ၁,၇၆၃,၂၆၇,၃၀၀ | ၁၃,၅၃၅,၂၂၇,၀၁၀ | ၂၀၉,၁၆၄,၀၀၀ | | ၁၄၀,၉၂၅,၀၀၀ | |

ဇယား (၃)

## နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | ၁၉၉၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့် သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံး ငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေ အတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ၁ | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၀,၃၀၃,၇၀၀,၂၀၀ | | | ၄,၄၄၇,၃၆၅,၅၅၀ | | ၈,၁၉၈,၀၀၀ | ၄,၈၅၅,၀၀၀ | |
| | | ပေါင်း — | | ၂၀,၃၀၃,၇၀၀,၂၀၀ | | | ၄,၄၄၇,၃၆၅,၅၅၀ | | ၈,၁၉၈,၀၀၀ | ၄,၈၅၅,၀၀၀ | |

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# ၁၉၉၆ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရ အသုံးဆိုင်ရာ ဥပဒေ

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## ၁၉၉၆ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၄/၉၆)

၁၃၅၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၁ ရက်

( ၁၉၉၆ ခုနှစ်၊ မတ်လ ၂၉ ရက် )

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း ၁

### အမည်နှင့် စတင်အာဏာတည်သည့် နေ့ရက်

၁။ (က) ဤဥပဒေကို ၁၉၉၆ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ၁၉၉၆–၉၇ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၁၉၉၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာတည် ရမည်။

# အပိုင်း ၂

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

## အခန်း (၁)

### ရငွေများနှင့် သုံးငွေများ

၂။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသောရငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲ ဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်၊

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်၊

(ဂ) ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

၄။ (က) ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီရငွေနှင့် အခန်း (၃) အရ ချေးယူရငွေတို့သည် လျာထားသည်ထက် ပိုမိုရရှိလျှင် ထိုသို့ပိုမိုရရှိသော ပြည်ပအကူအညီရငွေ၊ ချေးယူရငွေတို့ဖြင့် ကျခံရမည့် လုပ်ငန်းအသုံးစရိတ်များကို ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက အစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ခွင့်ပြုနိုင်သည်။ သို့ရာတွင် ထိုသို့ ပြည်ပမှ အကူအညီရငွေ၊ ချေးယူရငွေများကြောင့် နိုင်ငံတော်၏ ဘဏ္ဍာမှ ကျပ်ငွေဖြင့် ကျခံသုံးစွဲရမည့် အသုံးစရိတ်များအတွက် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားသော ငွေဖြင့်မလုံလောက်ပါက ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်၊

(ခ) အစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) အရ ပိုမိုသုံးစွဲခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ တင်ပြရမည်။

၅။ လုပ်ငန်းလိုအပ်ချက်အရ ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ဖော်ပြထားသော ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ တင်ပြသော ၁၉၉၆-၉၇ ခုနှစ် အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အခန်း (၂)

## သီးသန့်ရန်ပုံငွေ

၆။ (က) နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဇယား (၄)၊ စာတိုင် ၁၂ တွင် ဖော်ပြထားသော သီးသန့် ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါ စည်းကမ်း ချက်များနှင့် အညီသာလျှင် ဆောင်ရွက်ခွင့်ရှိသည်—

(၁) ကြိုတင် မမျှော်မှန်းနိုင်သော အသုံးစရိတ်ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ် အတွင်း မသုံးစွဲလျှင် မဖြစ်သည့် ကိစ္စ ဖြစ်ခြင်း၊

(၃) တည်ဆဲ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်း များ၊ စည်းကမ်းများအရ ခေါင်းစဉ် လွှဲပြောင်း ကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ် လွှဲပြောင်းကျခံရန်အတွက် ရန်ပုံငွေ မရှိခြင်း၊

(ခ) သီးသန့် ရန်ပုံငွေမှ ကျခံ သုံးစွဲခြင်းကို အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်၊

(ဂ) အစိုးရအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့် အတူ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ တင်ပြရမည်။

၇။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ သို့မဟုတ် လျော့၍ရသော ရငွေများနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သီးသန့်ရန်ပုံငွေမှ ထုတ်ယူသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ ပုဒ်မ ၄ အရ အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် သုံးစွဲသည့်အသုံးစရိတ်များနှင့် စပ်လျဉ်း၍ သော်လည်းကောင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ နိုင်ငံတော်၏ နောက်ထပ်ရငွေ သုံးငွေအဖြစ် တင်ပြတောင်းခံခွင့် မရှိစေရ။ သို့ရာတွင် ပုဒ်မ ၆ ၌ ပါရှိသော စည်းကမ်းချက်များနှင့် ညီညွတ်သည့် အသုံးစရိတ်များအတွက် ဤဥပဒေအရ ခွင့်ပြုထားသော သီးသန့်ရန်ပုံငွေနှင့် လုံလောက်ခြင်းမရှိပါက အသုံးစရိတ် တစ်ခုချင်းအတွက် အကျိုးအကြောင်း ဖော်ပြချက်များနှင့် အတူ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ တင်ပြတောင်းခံနိုင်သည်။

# အခန်း (၃)

## ငွေချေးယူခြင်း

၈။ အစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက် ဖြစ်စေ၊ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်အတွက် ဖြစ်စေ နိုင်ငံတော်က တာဝန်ယူသည့် ငွေချေးစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းဖြင့် လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ငွေချေးယူနိုင်သည်။ ထိုသို့ ချေးငွေရယူသည့်အခါ သင့်သည်ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်၍ ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်း စီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။

၉။ ယခင် ဘဏ္ဍာရေးနှစ်အတွင်းက လိုအပ်ငွေများ ဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့် စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ် အသစ်များဖြင့် လဲလှယ်နိုင်သည်။

၁၀။ အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများနှင့် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် လုပ်ငန်း စီမံချက်များအတွက် ပြည်ပမှ ငွေချေးယူနိုင်သည်။

၁၁။ (က) အစိုးရအဖွဲ့သည် ဤအခန်း (၃) ပါ ကိစ္စရပ်များအားလုံးကို ဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန ဝန်ကြီးအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင် သည်၊

(ခ) ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန ဝန်ကြီးသည် ဤအခန်း (၃) အရ ငွေချေးယူသော ကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၁၂။ ၁၉၉၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၁၉၉၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်း (၃) အရ ငွေချေးစာချုပ် ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူလက်ခံရရှိသည့်ငွေ ပေါင်းသည် ကျပ်သန်း ငါးသောင်း ပမာဏထက် မပိုစေရ။

## အပိုင်း ၃

## နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ

၁၃။ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၁၄။ (က) နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်၊

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်၊

(ဂ) ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေ များ၊ စည်း မျဉ်း များ၊ စည်း ကမ်း များ၊ အ မိန့် များ၊ ညွှန်ကြားချက်များ၊ လုပ် ထုံး လုပ် နည်း များ နှင့် အညီ ဆောင်ရွက်ရမည်။

၁၅။ (က) အစိုးရအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်း များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင် သည်။ ထိုသို့ ငွေ များ ပြောင်း လဲ ခြင်း နှင့် စပ်လျဉ်း ၍ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ တင်ပြ သော ၁၉၉၆–၉၇ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက် များနှင့် အတူ ထည့်သွင်းဖော်ပြရမည်၊

(ခ) အစိုးရအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်း များက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ် ပေးနိုင်သည်။

## အပိုင်း ၄

## တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များ

၁၆။ တပ်မြို့ စည်ပင်သာယာရေး အဖွဲ့များသည် မိမိတို့၏ ဘဏ္ဍာငွေ အပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၁၇။ (က) တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၇) နှင့် (၈)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်၊

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်၊

(ဂ) ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၈။ (က) အစိုးရအဖွဲ့သည် တပ်မြို့ စည်ပင်သာယာရေး အဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၇) နှင့် (၈) တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ တင်ပြသော ၁၉၉၆-၉၇ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့် အတူ ထည့်သွင်းဖော်ပြရမည်၊

(ခ) အစိုးရအဖွဲ့သည် တပ်မြို့ စည်ပင်သာယာရေး အဖွဲ့များအား လုပ်ငန်းလုပ်ကိုင်ရန် သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကိုထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၁၉။ တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ထားသော အခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၅

## စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ

၂၀။ အစိုးရအဖွဲ့သည် စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေး အဖွဲ့များအား ငွေချေးခြင်း၊ အထောက်အပံ့ ပေးခြင်း ပြုနိုင်သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် စာရင်းစစ်ချုပ် 

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုဆောင်းငွေ |
| | | | | | | | | | ယုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၃,၂၁၄,၃၀၀ | | ၁၅,၀၀၀ | | | | | |
| ၂ | ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင် | ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပ ရေး ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၃၀၀ | | | | | | | |
| ၃ | အစိုးရအဖွဲ့ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၆,၃၀၈,၀၀၀ | | ၃၀,၀၀၀ | ၆,၃၁၅,၀၀၀ | | | | |
| ၄ | တရားသူကြီးချုပ် | တရားသူကြီးချုပ် သို့မဟုတ် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၈၀,၁၀၃,၀၀၀ | | | | | | | |
| ၅ | ရှေ့နေချုပ် | ရှေ့နေချုပ် သို့မဟုတ် ရှေ့နေချုပ်က တာဝန်ပေးသူ | | | ၁၀၃,၀၀၀ | | | | | | | |
| ၆ | စာရင်းစစ်ချုပ် | စာရင်းစစ်ချုပ် သို့မဟုတ် စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | [illegible],၁၀၀ | | ၁,၀၀၀ | | | | | |
| | ပေါင်း — | | | | [illegible] | | ၄၆,၀၀၀ | ၆,၃၁၅,၀၀၀ | | | | |

**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် စာရင်းစစ်ချုပ်** ဇယား (၂)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ — သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ — ထုတ်ချေးငွေ | ကြွေးမြီ — ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၉၅,၄၁၂,၆၀၀ | | | ၅၉,၇၄၉,၃၈၀ | | | | |
| ၂ | ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင် | ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၆,၃၀၀,၀၀၀ | | | ၁၀,၀၀၀,၀၀၀ | | | | |
| ၃ | အစိုးရအဖွဲ့ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၅၄,၂၂၆,၄၀၀ | | ၉,၅၈၃,၆၀၀ | ၂၀၂,၆၈၁,၂၇၀ | | | | |
| ၄ | တရားသူကြီးချုပ် | တရားသူကြီးချုပ် သို့မဟုတ် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၁၀၇,၉၇၈,၀၀၀ | | | ၉,၄၉၇,၄၅၀ | | | | |
| ၅ | ရှေ့နေချုပ် | ရှေ့နေချုပ် သို့မဟုတ် ရှေ့နေချုပ်က တာဝန်ပေးသူ | ၅၇,၅၇၃,၀၀၀ | | | ၁၄,၀၀၉,၃၀၀ | | | | |
| ၆ | စာရင်းစစ်ချုပ် | စာရင်းစစ်ချုပ် သို့မဟုတ် စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၁၂၀,၁၇၁,၆၀၀ | | | ၁၀,၇၅၆,၅၉၀ | | | | |
| | ပေါင်း ... | | ၆၅၁,၁၆၁,၆၀၀ | | ၉,၅၈၃,၆၀၀ | ၃၀၆,၇၇၃,၉၉၀ | | | | |

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | နိုင်ငံတော်၏စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ — ထုတ်ချေးငွေအတွက် ပြန်ရငွေ | ကြွေးမြီ — ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | | ပြည်တွင်း ထွက်ကုန်နှင့် ပြည်သူ ပြည်သားများ သုံးစွဲမှု အပေါ်တွင် ကောက်ခံသည့် အခွန်အကောက် | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်၏ တာဝန်ပေးသူ | ၉,၆၄၄,၂၄၀,၀၀၀ | | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၁၁၄,၁၀၁,၀၀၀ | | | | | | | | | |
| | ၂ | ကုန်သွယ်လုပ်ငန်းခွန် | | ၇,၅၀၀,၀၀၀,၀၀၀ | | | | | | | | | |
| | ၃ | ဝင်ကုန်အတွက် လိုင်စင်ခများ | | ၂၁၀,၀၀၀,၀၀၀ | | | | | | | | | |
| | ၄ | မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု | | ၁,၃၉၀,၀၀၀,၀၀၀ | | | | | | | | | |
| | ၅ | သယ်ယူပို့ဆောင်ရေးအခွန် | | ၇၀,၁၄၀,၀၀၀ | | | | | | | | | |
| | ၆ | တံဆိပ်ခေါင်း ရောင်းရငွေများ | | ၃၆၀,၀၀၀,၀၀၀ | | | | | | | | | |
| ၂ | | ဝင်ငွေနှင့် ပိုင်ဆိုင်မှု အပေါ်တွင် ကောက်ခံသည့် အခွန်အကောက် | ၎င်း | ၆,၀၆၇,၅၁၂,၀၀၀ | | | | | | | | | |
| | ၁ | ဝင်ငွေခွန် | | ၄,၀၆၃,၁၅၄,၀၀၀ | | | | | | | | | |
| | ၂ | အမြတ်ခွန် | | ၂,၀၀၄,၃၅၈,၀၀၀ | | | | | | | | | |
| ၃ | | အကောက်ခွန် | ၎င်း | ၃,၅၀၀,၀၀၀,၀၀၀ | | | | | | | | | |
| | ၁ | အကောက်ခွန် | | ၃,၅၀၀,၀၀၀,၀၀၀ | | | | | | | | | |
| ၄ | | နိုင်ငံပိုင် ပစ္စည်းများ အသုံးပြုသည့် အပေါ် ကောက်ခံသည့် အခွန်အကောက် | ၎င်း | ၈၈၈,၂၆၁,၀၀၀ | | | | | | | | | |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့် အခွန် | | ၅၃,၇၈၀,၀၀၀ | | | | | | | | | |
| | ၂ | ရေခွန်နှင့် တာတမံခွန် | | ၂၇,၅၀၀,၀၀၀ | | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | | ၄၄၇,၉၀၀,၀၀၀ | | | | | | | | | |
| | ၄ | ဓာတ်သတ္တု ပစ္စည်းများ ထုတ်ယူသည့် အတွက် ကောက်ခံသည့် အခွန် | | ၁၂,၅၂၀,၀၀၀ | | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၃၄၃,၅၆၁,၀၀၀ | | | | | | | | | |
| | ၆ | ကြက်ပေါင်စေးပေါ်တွင် ကောက်ခံသည့် အခွန် | | ၃,၀၀၀,၀၀၀ | | | | | | | | | |
| ၅ | | နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများမှရငွေ | ၎င်း | | ၈၁,၉၉၇,၆၅,၀၀၀ | | | | | | | | |

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၆ | နိုင်ငံခြားရေး | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၃,၀၀၀,၀၀၀ | .... | ၅၁,၀၀၀ | | | | | |
| ၇ | ကာကွယ်ရေး | ၎င်း | | | ၁၅၃,၅၂၉,၀၀၀ | | | | | | | |
| ၈ | နယ် စပ် ဒေ သ နှင့် တိုင်း ရင်း သား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး | ၎င်း | | | ၂၂၅,၀၀၀ | | | | | | | |
| ၉ | ပြည်ထဲရေး | ၎င်း | | | ၄၀,၈၄၅,၁၆၀ | ... | ၅၀၀,၀၀၀ | ၂,၀၀၀,၀၀၀ | | | | |
| ၁၀ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၎င်း | | | ၅၀,၀၀၀,၀၀၀ | | .... | ၄၈,၀၀၀ | | | | |
| ၁၁ | သာသနာရေး | ၎င်း | | | ၂၀,၀၀၂,၀၀၀ | | | | | | | |
| ၁၂ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၎င်း | | | ၃,၆၀၁,၀၀၀ | .... | .... | ၂၇၃,၀၀၀ | | | | |
| ၁၃ | ပြန်ကြားရေး | ၎င်း | | | ၁၀၀,၄၉၁,၀၀၀ | | | | | | | |
| ၁၄ | ယဉ်ကျေးမှု | ၎င်း | | | ၁၀,၇၀၁,၆၄၀ | | | | | | | |
| ၁၅ | ပညာရေး | ၎င်း | | | ၃၇၇,၅၀၀,၆၅၀ | .... | — | ၅,၁၀၃,၀၀၀ | | | | |
| ၁၆ | ကျန်းမာရေး | ၎င်း | | | ၃၁,၀၄၁,၅၀၀ | .... | ၁,၂၀၀,၀၀၀ | ၈၇,၄၀၄,၀၀၀ | | | | |
| ၁၇ | အလုပ်သမား | ၎င်း | | | ၁၈,၄၆၀ | .... | ၁,၀၀၀ | ၃၇,၀၀၀ | | | | |
| ၁၈ | သစ်တောရေးရာ | ၎င်း | | | ၈၂၀,၄၀၁,၂၀၀ | .... | ... | ၅,၀၃၉,၀၀၀ | | | | |
| ၁၉ | လယ်ယာစိုက်ပျိုးရေး | ၎င်း | | | [illegible] | .... | ၇၀,၂၆၀,၂၀၀ | [illegible] | | ၁၄,၀၀၀,၀၀၀ | | |
| ၂၀ | မွေးမြူရေးနှင့် ရေလုပ်ငန်း | ၎င်း | | | [illegible] | | | | | | | |
| ၂၁ | သတ္တုတွင်း | ၎င်း | | | ၈,၇၂၀,၀၀၀ | .... | ၈၀,၀၀၀ | | | | | |
| ၂၂ | အမှတ် (၁) စက်မှု | ၎င်း | | | ၂၀,၉၀၆,၆၀၀ | .... | ၅၀,၀၀၀ | | | | | |
| ၂၃ | အမှတ် (၂) စက်မှု | ၎င်း | | | ၃,၀၀၂,၉၀၀ | .. | .... | ၂၁၀,၀၀၀ | | | | |
| ၂၄ | ဆောက်လုပ်ရေး | ၎င်း | | | ၉၆,၆၂၃,၅၀၀ | ၁၀၀,၀၀၀ | ၇၀၀,၀၀၀,၀၀၀ | .... | ၉၀၀,၀၀၂ | | | |
| ၂၅ | ပို့ဆောင်ရေး | ၎င်း | | | ၁၄၄,၄၀၀,၀၀၀ | .... | .... | .... | | ၁၇,၇၆၂,၀၀၀ | | |
| ၂၆ | ရထားပို့ဆောင်ရေး | ၎င်း | | | ၀၄၃,၀၃၀,၀၀၀ | | | | | | | |
| ၂၇ | ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း | ၎င်း | | | ၆၃,၄၀၅,၀၀၀ | .... | .... | ၈၀၀,၀၀၀ | | | | |
| ၂၈ | ကုန်သွယ်ရေး | ၎င်း | | | ၇၀,၀၀၁,၀၀၀ | | | | | | | |
| ၂၉ | ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း | ၎င်း | | | ၁,၅၀၅,၀၀၀ | | | | | | | |
| ၃၀ | သမဝါယမ | ၎င်း | | | ၂၀,၀၀၀,၀၀၀ | | | | | | | |
| ၃၁ | အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု | ၎င်း | | | ၁၈,၆၉၁,၀၀၀ | .... | ၁၁၀,၀၀၀ | ၅၀,၀၀၀ | | | | |
| ၃၂ | ဘဏ္ဍာရေးနှင့် အခွန် | ၎င်း | | | ၅၀၉,၄၂၅,၃၀၀ | ၁၀၀,၉၆၉,၀၀၀ | ၅၀,၀၀၀ | ၁,၀၄၀,၀၀၀,၀၀၀ | ၂၂၉,[illegible],၀၀၀ | | | |
| ၃၃ | ပင်စင်လစာများနှင့် ဆုငွေများ | ၎င်း | | | ၃၀၁,၅၀၀ | | | | | | | |
| | ပေါင်း ... | | ၂၀,၁၀၀,[illegible],၀၀၀ | ၁၁,၃၇၇,၇၆၅,၀၀၀ | ၃,၉၀၇,၁၄၇,၅၉၀ | ၂၀၀,၀၉၉,၀၀၀ | ၇၇၂,၃၃၂,၂၀၀ | ၁,၂၀၀,၁၆၇,၀၀၀ | ၂၂၉,[illegible],၀၀၀ | ၃၁,၇၆၂,၀၀၀ | | |

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အစိုးရအဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | သီးသန့် ရန်ပုံငွေ |
| ၁ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | နိုင်ငံခြားရေး | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၀၅,၀၀၀,၀၀၀ | .... | ၆၅၂,၀၀၀ | ၅၁,၂၇၄,၅၇၀ | | | | | |
| ၂ | ကာကွယ်ရေး | ၎င်း | ၁၁,၂၁၅,၁၇၀,၃၀၀ | .... | — | ၆,၀၀၀,၀၀၀,၀၀၀ | | .... | ၅၀,၀၀၀,၀၀၀ | | |
| ၃ | နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး | ၎င်း | ၁၃၆,၈၆၈,၈၁၀ | .... | ၂၆၈,၁၀၇,၈၄၀ | ၃၅၉,၃၇၀,၃၆၀ | | | | | |
| ၄ | ပြည်ထဲရေး | ၎င်း | ၁,၇၄၅,၇၄၀,၀၀၀ | .... | ၁၃၄,၄၅၆,၅၀၀ | ၂၆၁,၂၃၃,၂၀၀ | | ၆၁,၂၅၅,၀၀၀ | | | |
| ၅ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၎င်း | ၁၀၄,၆၂၀,၀၀၀ | .... | — | ၇၀,၇၅၆,၁၀၀ | | | | | |
| ၆ | သာသနာရေး | ၎င်း | ၈၂,၀၀၀,၀၀၀ | .... | ၁၆,၄၉၀,၀၀၀ | ၁၆,၃၉၂,၁၅၀ | | | | | |
| ၇ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၎င်း | ၁၀၆,၆၅၀,၀၀၀ | .... | ၁၉,၁၀၀,၀၀၀ | ၁၆၃,၄၄၇,၉၁၁ | | | | | |
| ၈ | ပြန်ကြားရေး | ၎င်း | ၂၈၈,၁၀၀,၀၀၀ | .... | — | ၂၁၀,၇၄၈,၇၃၀ | | | | | |
| ၉ | ယဉ်ကျေးမှု | ၎င်း | ၆၁,၃၅၇,၀၀၀ | .... | ၄၆,၂၅၀ | ၄၀၃,၄၁၁,၀၅၀ | | | | | |
| ၁၀ | ပညာရေး | ၎င်း | ၄,၆၈၂,၅၇၉,၀၀၀ | .... | ၁၀၆,၈၅၀ | ၂,၈၉၆,၁၆၄,၂၃၀ | | | | | |
| ၁၁ | ကျန်းမာရေး | ၎င်း | ၉၇၉,၆၅၀,၀၀၀ | .... | ၂,၈၇၇,၄၀၀ | ၁,၂၄၆,၃၅၀,၄၂၀ | | | | | |
| ၁၂ | အလုပ်သမား | ၎င်း | ၁၆,၈၉၀,၀၀၀ | .... | ၂၈၀,၀၀၀ | ၁၂,၈၉၂,၇၂၀ | | | | | |
| ၁၃ | သစ်တောရေးရာ | ၎င်း | ၃၀၈,၉၈၀,၀၀၀ | .... | ၉၀၀,၀၀၀ | ၂၄၄,၀၉၄,၈၄၀ | | | ၅၀,၀၀၀,၀၀၀ | | |
| ၁၄ | လယ်ယာစိုက်ပျိုးရေး | ၎င်း | ၂,၅၂၄,၈၀၀,၀၀၀ | .... | ၁၈၅,၆၇၀ | ၃,၉၉၆,၀၀၀,၄၀၀ | | | | | |
| ၁၅ | မွေးမြူရေးနှင့် ရေလုပ်ငန်း | ၎င်း | ၂၉၈,၁၃၉,၀၀၀ | ၈,၅၆၃,၀၀၀ | ၂၃၄,၀၀၀ | ၇၁,၁၉၃,၃၇၀ | | ၃၅,၁၅၆,၀၀၀ | | | |
| ၁၆ | သတ္တုတွင်း | ၎င်း | ၅၁,၉၀၀,၀၀၀ | .... | ... | ၆,၈၄၀,၉၄၀ | | | | | |
| ၁၇ | အမှတ် (၁) စက်မှု | ၎င်း | ၂၇,၅၇၀,၀၀၀ | .... | ... | ၃,၉၂၉,၆၀၀ | | | | | |
| ၁၈ | အမှတ် (၂) စက်မှု | ၎င်း | ၂၃,၃၀၀,၀၀၀ | — | ၁၀၁,၀၀၀ | ၁၈,၀၅၈,၆၉၀ | | | | | |
| ၁၉ | ဂွမ်းအင် | ၎င်း | ၅,၅၅၀,၀၀၀ | — | – | ၂,၄၃၈,၄၃၀ | | | | | |
| ၂၀ | ဆောက်လုပ်ရေး | ၎င်း | ၁,၅၁၆,၄၅၁,၉၅၀ | — | | ၂,၅၃၅,၃၀၈,၆၂၀ | | | | | |
| ၂၁ | ပို့ဆောင်ရေး | ၎င်း | ၁၁၅,၅၀၀,၀၀၀ | ၂၃၄,၈၀၀ | ၆၅၀,၀၀၀ | ၇၁၆,၇၃၇,၅၀၀ | | ၁,၉၈၀,၀၀၀ | | | |
| ၂၂ | ရထားပို့ဆောင်ရေး | ၎င်း | ၄၂,၄၅၀,၀၀၀ | — | ... | ၄,၉၁၃,၀၉၀ | | | | | |
| ၂၃ | ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း | ၎င်း | ၃၃,၆၀၀,၀၀၀ | — | ၇၇၇,၅၀၀ | ၅၃,၀၂၁,၇၆၀ | | | | | |
| ၂၄ | ကုန်သွယ်ရေး | ၎င်း | ၂၀,၀၀၀,၀၀၀ | .... | .... | ၅၆၀,၃၀၀ | | | | | |
| ၂၅ | ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း | ၎င်း | ၅,၅၀၀,၀၀၀ | .... | ... | ၆၉၁,၉၂၀ | | | | | |
| ၂၆ | သမဝါယမ | ၎င်း | ၂၆၂,၃၂၀,၀၀၀ | — | .... | ၁၀၄,၆၈၄,၄၂၀ | | | | | |
| ၂၇ | အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၇၀,၇၁၀,၀၀၀ | — | ၄,၂၄၅,၀၀၀ | ၃၄,၉၆၈,၂၆၀ | | | | | |
| ၂၈ | ဘဏ္ဍာရေးနှင့် အခွန် | ၎င်း | ၃၁၅,၉၀၀,၀၀၀ | ၃,၉၃၂,၁၆၃,၀၀၀ | ၂၀၄,၆၈၀,၀၀၀ | ၁၀၁,၈၉၃,၆၀၀ | | ၇၄၈,၀၂၉,၀၀၀ | ၁၇,၅၀၀,၀၀၀ | ၃၀၀,၀၀၀ | |
| ၂၉ | ပင်စင်လစာငွေများနှင့် ဆုငွေများ | ၎င်း | ၁,၀၉၈,၀၁၂,၀၀၀ | | | | | | | | |
| ၃၀ | ဆုငွေများနှင့်တစ်လုံးတည်းပင်စင်ငွေများ | ၎င်း | ၃၅၂,၀၀၀,၀၀၀ | | | | | | | | |
| ၃၁ | သီးသန့်ရန်ပုံငွေ | ဤရန်ပုံငွေမှ ထုတ်ယူသုံးစွဲခွင့် ရရှိသော ဇယား (၁)၊ (၂)နှင့် (၃) တို့တွင် ဖော်ပြထားသော တာဝန်ခံသို့ မဟုတ် ၎င်းပုဂ္ဂိုလ်က တာဝန်ပေးသူ | | | | | | | | | ၁၀၀,၀၁၀,၀၀၀ |
| | ပေါင်း | | ၂၆,၅၃၉,၄၂၃,၂၅၀ | ၃,၉၄၀,၉၆၀,၀၀၀ | ၆၇၃,၉၇၃,၀၁၀ | ၁၉,၆၅၈,၃၀၂,၃၈၀ | | ၈၄၆,၄၂၀,၀၀၀ | ၁၁၇,၅၀၀,၀၀၀ | ၃၀၀,၀၀၀ | ၁၀၀,၀၀၀,၀၀၀ |

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများ၊ တွင် ရစ်ရှိနေမှု ရငွေ |
| | | | | | | | | | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၉၄,၉၃၁,၁၃၅,၀၀၀ | | ၁၀၃,၅၆၂,၀၀၀ | | ၁၃,၄၅၃,၀၀၀ | ၇၆၇,၉၂၄,၀၀၀ | |
| | ပေါင်း — | | | | ၉၄,၉၃၁,၁၃၅,၀၀၀ | | ၁၀၃,၅၆၂,၀၀၀ | | ၁၃,၄၅၃,၀၀၀ | ၇၆၇,၉၂၄,၀၀၀ | |

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | အာမခံသုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၁၁,၆၉၅,၈၅၅,၀၀၀ | | | ၄,၀၂၉,၃၉၉,၃၆၀ | ၉,၅၅၅,၀၀၀ | ၁,၁၈၂,၆၁၂,၀၀၀ | ၁၂၅,၆၈၂,၀၀၀ | |
| | ပေါင်း ... | | ၁၁၁,၆၉၅,၈၅၅,၀၀၀ | | | ၄,၀၂၉,၃၉၉,၃၆၀ | ၉,၅၅၅,၀၀၀ | ၁,၁၈၂,၆၁၂,၀၀၀ | ၁၂၅,၆၈၂,၀၀၀ | |

# တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ဆုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ကာကွယ်ရေး ဝန်ကြီးဌာန လက်အောက်ရှိ တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၅၃,၂၀၀ | | ၁၅,၁၁၀,၉၅၀ | | | | | | | |
| | ပေါင်း — | | ၅၃,၂၀၀ | | ၁၅,၀[illegible],၉၅၀ | | | | | | | |

## ထပ်မံမြို့စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ |  |  |  |  |  |  |  |
|---|---|---|---|---|---|---|---|---|---|---|
|  |  |  | သာမန်သုံးငွေ | အထိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ |  | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ |
|  |  |  |  |  |  |  | ယုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ |  |  |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
|  |  |  | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | အာကာသယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ထပ်မံမြို့စည်ပင်သာယာရေးအဖွဲ့များ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၂,၉၇၇,၃၀၀ |  |  | ၆,၆၄၇,၇၀၀ |  |  |  |  |
|  | ပေါင်း — |  | ၁၂,၉၇၇,၃၀၀ |  |  | ၆,၆၄၇,၇၀၀ |  |  |  |  |

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

တော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ
ကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသား
ာခံ လုပ်ငန်းများ အောင်မြင်စွာ
ာင်ရွက်ရေးတို့ကို နှောင့်ယှက် ဆန့်ကျင်
ခြင်းမှ ကာကွယ်သည့် ဥပဒေ

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်း ပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေ

**(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၉၆)**

၁၃၅၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်
(၁၉၉၆ ခုနှစ်၊ ဇွန်လ ၇ ရက်)

နိုင်ငံတော်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်အချုပ်အခြာအာဏာကို ထိပါးမည့် အရေးအခင်းများပေါ်ပေါက်သည့်အခါတိုင်း တပ်မတော်သည် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခဲ့ပါသည်။ ထိုနည်းတူ ၁၉၈၈ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော နိုင်ငံတော်ပြိုကွဲပျက်စီးစေမည့် အန္တရာယ်ကို အချိန်မီတားဆီးပြီး နိုင်ငံတော်တာဝန်ကို ယူခဲ့သည့် အချိန်မှစ၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (တပ်မတော်) သည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်ခဲ့ပါသည်၊ ထို့ပြင် နိုင်ငံတော်တွင် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးနှင့် နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးနိုင်ရေးကို ရှေးရှု၍ လိုအပ်သည့် အခြေခံအုတ်မြစ်များကိုလည်း ချမှတ်ပေးလျက် ရှိပါသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် နိုင်ငံရေး ဦးတည်ချက်များ၊ စီးပွားရေး ဦးတည်ချက်များနှင့် လူမှုရေး ဦးတည်ချက်များကို ချမှတ်လျက် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် တိုင်းရင်းသား ပြည်သူများနှင့် လက်တွဲကာ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

တစ်ချိန်တည်းမှာပင် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲ ပြဋ္ဌာန်းနိုင်ရန် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများကို ချမှတ်နိုင်ရေးအတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့သည် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းတာဝန် ပေးလျက် နိုင်ငံတစ်ဝန်းလုံးမှ ကိုယ်စားလှယ်ပေါင်းစုံ ကျယ်ပြန့်စွာ ပါဝင်သည့် အမျိုးသားညီလာခံကို အောင်မြင်စွာ ကျင်းပပေးလျက် ရှိပါသည်။

သို့ရာတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ခြင်းကို မလိုလားသူများသည် ပြည်ပအားကိုးဖြင့်နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး တို့ကို နှောင့်ယှက် ထိပါးစေမည့် လုပ်ရပ်များ လုပ်ဆောင်လျက် ရှိကြောင်း တွေ့ရှိရပါသည်။

ထို့ပြင် အမျိုးသားညီလာခံ၏ လုပ်ငန်းများကို ထိခိုက်ပျက်ပြား စေရန် နှောင့်ယှက်ဖျက်ဆီးခြင်း၊ အမျိုးသားညီလာခံကို သေးသိမ် စေရန်သော်လည်းကောင်း၊ ပြည်သူများ အထင်အမြင် လွဲမှားစေရန် သော်လည်းကောင်း၊ လှုံ့ဆော်ခြင်း၊ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ ရေးသားဖြန့်ဝေခြင်း စသည့် လုပ်ရပ်များကို နည်းမျိုးစုံဖြင့် လုပ်ဆောင် နေကြသည်ကိုလည်း တွေ့ရှိရပါသည်။ ယင်းလုပ်ရပ်များသည် နိုင်ငံတော် တွင် စစ်မှန်သော ပါတီစုံ ဒီမိုကရေစီစနစ် ထွန်းကားရေးနှင့် နိုင်ငံတော် တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းရေးကို ဟန့်တား နှောင့်ယှက် ဆန့်ကျင်ရာ ရောက်ပါသည်။

သို့ဖြစ်၍ နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးနိုင်ရေး၊ အမျိုးသားညီလာခံ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော် တည်ဆောက်ရေးတို့ကို ဟန့်တား နှောင့်ယှက် ဆန့်ကျင်ခြင်းမှ အကာအကွယ်ပေးရန် လိုအပ်သဖြင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို "နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာစနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေ" ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်—

(က) "အမျိုးသားညီလာခံ" ဆိုသည်မှာ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ၁၉၉၂ ခုနှစ်၊ အောက်တို ဘာလ ၂ ရက်စွဲပါ အမိန့်အမှတ် ၁၃/၉၂ အရဖွဲ့စည်းသည့် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်က ကျင်းပ ပေးလျက်ရှိသည့် အမျိုးသားညီလာခံကို ဆိုသည်။

(ခ) "အမျိုးသားညီလာခံ၏ လုပ်ငန်းများ" ဆိုသည်မှာ အမျိုးသားညီလာခံက ဆောင်ရွက်လျက်ရှိသော လုပ်ငန်း များကို ဆိုသည်။

(ဂ) "အဖွဲ့အစည်း" ဆိုသည်မှာ လူအများ စုပေါင်းပါဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းနှင့် ယင်းအဖွဲ့အစည်း၏ လက်အောက်ခံ အဖွဲ့အစည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီလည်း ပါဝင်သည်။

## အခန်း (၂)

## တားမြစ်ချက်များ

၃။ မည်သူမဆို သို့မဟုတ် မည်သည့်အဖွဲ့အစည်းမဆို အောက်ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရ—

(က) နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်ပျက်ပြားစေရန် လှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ ဟောပြောခြင်း၊ ပြောဆိုခြင်း သို့မဟုတ် ရေးသားဖြန့်ဝေခြင်း၊

(ခ) အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေရန် လှုံ့ဆော်ခြင်း၊ ဟောပြောခြင်း၊ ပြောဆိုခြင်း သို့မဟုတ် ရေးသားဖြန့်ဝေခြင်း၊

(ဂ) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာရေးကို ရှေးရှု၍ အမျိုးသားညီလာခံက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ထိခိုက်ပျက်ပြားစေရန်ဖြစ်စေ၊ သေးသိမ်စေရန်ဖြစ်စေ၊ ပြည်သူများ အထင်အမြင်လွဲမှားစေရန်ဖြစ်စေ နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ဟန့်တားခြင်း၊ လှုံ့ဆော်ခြင်း၊ ဟောပြောခြင်း၊ ပြောဆိုခြင်း သို့မဟုတ် ရေးသားဖြန့်ဝေခြင်း၊

(ဃ) တရားဝင်ဆောင်ရွက်ပိုင်ခွင့်မရှိဘဲ အမျိုးသားညီလာခံ၏ လုပ်ငန်းများကို ဆောင်ရွက်ခြင်း သို့မဟုတ် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခြင်း သို့မဟုတ် ရေးဆွဲ ဖြန့်ဝေခြင်း၊

(င) အထက်ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ရန် အားထုတ်ခြင်း သို့မဟုတ် အားပေး ကူညီခြင်း။

## အခန်း (၃)

## ပြစ်ဒဏ်များ

၄။ မည်သူမဆို ပုဒ်မ ၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး (၅) နှစ်မှ အများဆုံး (၂၀) နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၅။ ပုဒ်မ ၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို အဖွဲ့အစည်းတစ်ခုခုက ဖောက်ဖျက် ကျူးလွန်လျှင်ဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခု၏စီစဉ် ဆောင်ရွက်မှုဖြင့်သော်လည်းကောင်း၊ အားပေးကူညီမှုဖြင့် သော်လည်းကောင်း မည်သူမဆို ဖောက်ဖျက်ကျူးလွန်လျှင်ဖြစ်စေ ယင်းအဖွဲ့အစည်းကို—

(က) ကာလသတ်မှတ်၍ ရပ်ဆိုင်းထားနိုင်သည်၊

(ခ) ဖျက်သိမ်းနိုင်သည် သို့မဟုတ်

(ဂ) မတရားအသင်းများ ဥပဒေအရ မတရားအသင်းအဖြစ် ကြေညာနိုင်သည်။

၆။ ပုဒ်မ ၅ အရ အရေးယူခြင်းခံရသည့် အဖွဲ့အစည်းပိုင် ငွေကြေးနှင့် ပစ္စည်းအရပ်ရပ်ကိုလည်း နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။

## အခန်း (၄)

### အထွေထွေ

၇။ ဤဥပဒေပုဒ်မ ၃ အရ တရားစွဲဆိုရာတွင် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုပိန့်ရယူရမည်။

၈။ ဤဥပဒေပုဒ်မ ၅ နှင့် ၆ အရ အရေးယူ ဆောင်ရွက်ခြင်းများကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနက ဆောင်ရွက်ရမည်။

၉။ ဤဥပဒေအရ လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ရမည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
## အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ
## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/၉၆ )

ရန်ကုန်မြို့၊ ၁၃၅၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်
(၁၉၉၆ ခုနှစ်၊ ဇွန်လ ၂၄ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) အာမခံလုပ်ငန်း ဆိုသည်မှာ ဤဥပဒေပုဒ်မ ၇ အရ လုပ်ကိုင်ခွင့် ပြုထားသော အာမခံ လုပ်ငန်းများကို ဆိုသည်၊

(ခ) အာမခံလုပ်ငန်းလုပ်ကိုင်သူ ဆိုသည်မှာ အာမခံလုပ်ငန်း လုပ်ကိုင်သည့် ကုမ္ပဏီကို ဆိုသည်၊

(ဂ) အာမခံ အလုပ်လက်ခံ ကိုယ်စားလှယ် ဆိုသည်မှာ အာမခံ လုပ်ငန်းလုပ်ကိုင်သူ ကိုယ်စား အာမခံလုပ်ငန်းများ လက်ခံခွင့်ရှိသည့် ကုမ္ပဏီကို ဆိုသည်၊

(ဃ) အာမခံအကျိုးဆောင် ဆိုသည်မှာ အာမခံထားရှိရာတွင် အာမခံထားသူ၏ အကျိုးစီးပွားကို ရှေးရှု၍ အာမခံလုပ်ငန်းလုပ်ကိုင်သူနှင့် ဆက်သွယ် ဆောင်ရွက်ပေးသည့် ကြားခံကုမ္ပဏီကို ဆိုသည်၊

(င) ကုမ္ပဏီ ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီ အက်ဥပဒေအရဖြစ်စေ ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီကို ဆိုသည်၊

(စ) ဝန်ကြီးဌာန ဆိုသည်မှာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနကို ဆိုသည်၊

(ဆ) ကြီးကြပ်ရေးအဖွဲ့ ဆိုသည်မှာ ဤဥပဒေပုဒ်မ ၄ အရ ဖွဲ့စည်းသည့် အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်၊

(ခ) ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဂ) ပုဂ္ဂလိက ကဏ္ဍအနေဖြင့် အာမခံလုပ်ငန်း၊ အာမခံအလုပ်လက်ခံ ကိုယ်စားလှယ်လုပ်ငန်း သို့မဟုတ် အာမခံအကျိုးဆောင်လုပ်ငန်းကို လုပ်ကိုင်နိုင်ရေးအတွက် လမ်းဖွင့်ပေးရန်၊

(ဃ) နိုင်ငံတော်အတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာသည်နှင့် အညီ လိုအပ်လာမည့် အာမခံ အကာအကွယ် အမျိုးမျိုးကို ဆောင်ရွက်ပေးခြင်းဖြင့် အာမခံစနစ် အပေါ် ပြည်သူအများယုံကြည်ကိုးစားမှု ပိုမိုရှိလာ စေရန်၊

(င) အာမခံပညာနှင့် အာမခံလုပ်ငန်း ရှင်သန်တိုးတက် ထွန်းကားလာစေရန်။

## အခန်း (၃)

## အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည်—

(က) အောက်ပါပုဂ္ဂိုလ်များပါဝင်သော အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်—

| | | | |
|---|---|---|---|
| (၁) | ဝန်ကြီးဌာနက တာဝန်ပေးအပ်သူ | .... | ဥက္ကဋ္ဌ |
| (၂) | မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ကိုယ်စားလှယ် ၁ ဦး | | အဖွဲ့ဝင် |
| (၃) | ရွှေနေချုပ်ရုံးမှ ကိုယ်စားလှယ် ၁ ဦး | .... | အဖွဲ့ဝင် |
| (၄) | စာရင်းစစ်ချုပ်ရုံးမှ ကိုယ်စားလှယ် ၁ ဦး | .... | အဖွဲ့ဝင် |
| (၅) | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ကိုယ်စားလှယ် ၁ ဦး | | အဖွဲ့ဝင် |

(၆) သင့်လျော်သည့် နိုင်ငံသား အဖွဲ့ဝင်များ
အာမခံပညာရှင်များ

(၇) မြန်မာ့အာမခံမှ အရာရှိ ၁ ဦး အတွင်းရေးမှူး

(ခ) ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်နိုင်သည်။

၅။ အစိုးရဝန်ထမ်းမဟုတ်သော ကြီးကြပ်ရေးအဖွဲ့ဝင်သည် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၆။ မြန်မာ့အာမခံသည်—

(က) ကြီးကြပ်ရေးအဖွဲ့၏ အသုံးစရိတ်များကို ကျခံရမည်၊

(ခ) ကြီးကြပ်ရေးအဖွဲ့၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ပေးရမည်။

## အခန်း (၄)

## ကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၇။ ကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) အာမခံလုပ်ငန်း လုပ်ကိုင်သူ၊ အာမခံအလုပ် လက်ခံကိုယ်စားလှယ် သို့မဟုတ် အာမခံ အကျိုးဆောင်၏ လုပ်ငန်းလိုင်စင် လျှောက်ထားမှုကို စိစစ်ဆုံးဖြတ်ခြင်း၊

(ခ) အာမခံလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အာမခံအလုပ် လက်ခံကိုယ်စားလှယ်က အာမခံအမျိုးအစား အလိုက် ထူထောင်ထားရှိရမည့် ထည့်ဝင်ပြီး မတည်ရင်းနှီးငွေ ပမာဏကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဂ) အာမခံလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အာမခံအလုပ် လက်ခံကိုယ်စားလှယ်၏ ရရန် ပိုင်ခွင့်နှင့် ပေးရန်တာဝန် များကို တန်ဖိုးဖြတ်ရာတွင် အခြေခံရမည့် မူများကို သတ်မှတ်ခြင်း၊

(ဃ) အာမခံရန်ပုံငွေ တစ်ရပ်ရပ်အတွက် ရင်းနှီးမြှုပ်နှံမှု ကန့်သတ်ချက်ကို သတ်မှတ်ခြင်း၊

(င) အာမခံလုပ်ငန်း လုပ်ကိုင်သူ၊ အာမခံအလုပ် လက်ခံ ကိုယ်စားလှယ် သို့မဟုတ် အာမခံ အကျိုးဆောင်က ပေးဆောင်ရမည့် တင်သွင်းငွေ၊ လိုင်စင်ကြေးနှင့် နှစ်စဉ်ကြေးများကို သတ်မှတ်ခြင်း၊

(စ) နိုင်ငံတော်အတွင်းရှိ အာမခံလုပ်ငန်း လုပ်ကိုင်သူများ လက်မခံသော အာမခံ လုပ်ငန်းများကို ပြည်ပတွင် တိုက်ရိုက် အာမခံထားရှိရန် ခွင့်ပြုခြင်း၊

(ဆ) လိုအပ်ပါက အသက်အာမခံ ပေါ်လစီရှင် များအား ကာကွယ်ရန် ရန်ပုံငွေကို ထူထောင် ထားရှိစေခြင်းနှင့် အခြား သင့်လျော်သော နည်းများဖြင့် အရေးယူ ဆောင်ရွက်စေခြင်း၊

(ဇ) မိမိ၏လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် ပြည်တွင်း သို့မဟုတ် ပြည်ပမှ ပုဂ္ဂိုလ် တစ်ဦးဦးကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ငှားရမ်း အသုံးပြုခြင်း၊

(ဈ) အာမခံလုပ်ငန်းကို ဖျက်သိမ်းသည့်အခါ လုပ်ငန်းလုပ်ကိုင် သူက ပေးဆောင်ထားသော တင်သွင်းငွေကို သင့်လျော် သည်ဟု မိမိထင်မြင်သည့် နည်းလမ်းနှင့် အချိုးအစား အတိုင်း အာမခံလုပ်ငန်း ဖျက်သိမ်းခြင်း ခံရသူ၏ မည်သည့် အာမခံရန်ပုံငွေသို့မဆို ခွဲဝေပေးခြင်း၊

(ည) အာမခံပညာနှင့် အာမခံလုပ်ငန်း ရှင်သန် ကိုးတက်ထွန်းကား လာစေရေးအတွက် လေ့ကျင့် သင်ကြားခြင်း၊ ပညာဖြန့်ဖြူးခြင်း၊ အပြည်ပြည်ဆိုင်ရာ အာမခံအဖွဲ့အစည်းများနှင့် ဆက်သွယ် ဆောင်ရွက်ခြင်း။

## အခန်း (၅)

## လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၇။ အောက်ပါ အာမခံလုပ်ငန်း တစ်ရပ်ရပ်ကိုဖြစ်စေ၊ လုပ်ငန်းတစ်ရပ်ထက်ပို၍ဖြစ်စေ လုပ်ကိုင်လိုသော ကုမ္ပဏီသည် လုပ်ငန်းလိုင်စင်ရရှိရန် ကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်—

(က) အသက်အာမခံ၊

(ခ) မီးအာမခံ၊

(ဂ) အလုံးစုံမော်တော်ယာဉ်အာမခံ၊

(ဃ) ငွေပို့ငွေသယ်အာမခံ၊

(င) ငွေသားလုံခြုံမှုအာမခံ၊

(စ) သမာဓိအာမခံ၊

(ဆ) ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ခွင့်ပြုသော အာမခံအမျိုးအစားများ။

၈။ အာမခံ အလုပ်လက်ခံကိုယ်စားလှယ် သို့မဟုတ် အာမခံအကျိုးဆောင်အဖြစ် ဆောင်ရွက်လိုသော ကုမ္ပဏီသည် လုပ်ငန်းလိုင်စင်ရရှိရန် ကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၀။ ကြီးကြပ်ရေးအဖွဲ့သည်—

(က) ပုဒ်မ ၈ သို့မဟုတ် ပုဒ်မ ၉ အရ တင်သွင်းသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်၊

(ခ) လုပ်ငန်းလိုင်စင် လျှောက်လွှာစိစစ်ရာတွင် လိုအပ်ပါက စာရွက်စာတမ်း အထောက်အထားများကို တောင်းယူကြည့်ရှု စစ်ဆေးနိုင်သည်။

## အခန်း (၆)

## အာမခံလုပ်ငန်းလုပ်ကိုင်သူ၊ အာမခံအလုပ်လက်ခံကိုယ်စားလှယ် သို့မဟုတ် အာမခံအကျိုးဆောင်၏ တာဝန်များ

၁၁။ အာမခံလုပ်ငန်းလုပ်ကိုင်သူ၊ အာမခံ အလုပ်လက်ခံ ကိုယ်စားလှယ် သို့မဟုတ် အာမခံအကျိုးဆောင်သည်—

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ခ) သက်ဆိုင်ရာ လုပ်ငန်းလိုင်စင် စည်းကမ်းများကိုလိုက်နာရမည်၊

(ဂ) မိမိ၏ လုပ်ငန်းလိုင်စင်ကို လွှဲပြောင်းခြင်းမပြုရ၊

(ဃ) မိမိ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ဘဏ္ဍာရေးအခြေအနေကို ပေါ်လွင်ထင်ရှားစေသည့် စာရင်းစာအုပ်နှင့် မှတ်တမ်းများကို စနစ်တကျနှင့်လွယ်ကူစွာ စာရင်းစစ်ဆေးနိုင်ရန် အတွက် ထိန်းသိမ်း ထားရှိရမည်၊

(င) ဘဏ္ဍာရေးနှစ်အလိုက် နှစ်ချုပ်စာရင်းများကို နှစ်စဉ် စာရင်းစစ်ဆေးရမည်၊

(စ) လုပ်ငန်းလိုင်စင်ပယ်ဖျက်ခံရပါက မိမိပိုင်ဆိုင်သည့် ရရန် ပိုင်ခွင့်များကို ပြည်တွင်းပေးရန်တာဝန်များနှင့် ညီမျှသည့်ပမာဏအထိ မြန်မာနိုင်ငံအတွင်း၌သာ ထားရှိရမည်၊

(ဆ) ကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ အာမခံလုပ်ငန်းဆိုင်ရာ မည်သည့်ရုံးခွဲကိုမျှ ဖွင့်လှစ်ခြင်းမပြုရ။

၁၂။ အာမခံလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အာမခံအလုပ်လက်ခံ ကိုယ်စားလှယ်သည် အသက်အာမခံလုပ်ငန်းကို လုပ်ကိုင်ပါက—

(က) အာမခံသင်္ချာပညာရှင်တစ်ဦးအား အသက်အာမခံ ပရီမီယံနှုန်းထားများကို တွက်ချက်သတ်မှတ်စေရမည်၊

(ခ) အသက်အာမခံလုပ်ငန်း ရန်ပုံငွေအနက် အာမခံသင်္ချာ ပညာရှင်က အဆိုပြုသည့်ပမာဏကိုသာ ရင်းနှီးမြှုပ်နှံရမည်၊

(ဂ) အသက်အာမခံလုပ်ငန်းကို အနည်းဆုံး ၄ နှစ် တစ်ကြိမ် အာမခံသင်္ချာပညာရှင်တစ်ဦးအား တန်ဖိုးဖြတ်စေ၍ ယင်းတန်ဖိုးဖြတ်ခြင်း အစီရင်ခံစာကို သတ်မှတ်ချက်နှင့်အညီ ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်၊

(ဃ) ပုဒ်မခွဲ (ဂ) အရ တင်ပြသော အသက်အာမခံလုပ်ငန်း၏ တန်ဖိုးဖြတ်ခြင်းအစီရင်ခံစာကို ကြီးကြပ်ရေးအဖွဲ့က လက်ခံရန်မသင့်ဟု ယူဆ၍သော်လည်းကောင်း၊ အာမခံထားသူများ၏ အကျိုးစီးပွားကို ထိပါးနိုင်သည်ဟု ယုံကြည်၍သော်လည်းကောင်း ညွှန်ကြားလျှင် အခြားအာမခံသင်္ချာ ပညာရှင်တစ်ဦးဖြင့် ပြန်လည်တန်ဖိုးဖြတ်ခြင်းပြုရမည်၊

(င) အာမခံသချၤာပညာရှင်က တန်ဖိုးဖြတ်ရာတွင် ပိုငွေရှိပါက ယင်းပိုငွေကို တည်ဆဲဥပဒေ သို့မဟုတ် ပဋိညာဉ်တစ်ရပ်ရပ်နှင့် မဆန့်ကျင်လျှင် အသက်အာမခံရန်ပုံငွေမှ ထုတ်ယူနိုင်သည်။ သို့ရာတွင် ယင်းထုတ်ယူငွေသည် အာမခံပေါ်လစီရှင်များသို့ အမြတ်အဖြစ် သတ်မှတ်ထားငွေ၏ လေးပုံတစ်ပုံထက် မပိုစေရ၊

(စ) အသက်အာမခံပေါ်လစီ စည်းကမ်းချက်များနှင့် အညီ အကျိုးခံစားခွင့် လွှဲပြောင်းခြင်းခံရသူသို့သာလျှင် သေဆုံးမှုတောင်းခံငွေကို ထုတ်ပေးရမည်။ အကျိုးခံစားခွင့် လွှဲပြောင်းခြင်းခံရသူသည် အရွယ်မရောက်သေးသူဖြစ်လျှင် ၎င်း၏မိဘအရင်း သို့မဟုတ် တရားဝင်မွေးစားမိဘ သို့မဟုတ် တရားဝင် အုပ်ထိန်းသူအား ထုတ်ပေးရမည်၊

(ဆ) အကျိုးခံစားခွင့် လွှဲပြောင်းခြင်းခံရသူသည် အသက်အာမခံထားသူထက်စော၍သေဆုံးခဲ့ပြီး အသက်အာမခံထားသူက အကျိုးခံစားခွင့် ထပ်မံပြင်ဆင်လွှဲပြောင်းခြင်း မပြုခဲ့သည့်ကိစ္စတွင် သေဆုံးမှုတောင်းခံငွေကို အောက်ပါအစီအစဉ်အတိုင်း ထုတ်ပေးရမည်—

(၁) ခင်ပွန်း သို့မဟုတ် ဇနီး၊

(၂) သားသမီး၊

(၃) မြေး၊

(၄) ညီအစ်ကို၊ မောင်နှမ၊

(၅) မိဘ။

၁၃။ **အာမခံလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အာမခံ အလုပ်လက်ခံ ကိုယ်စားလှယ်သည်—**

(က) တစ်ဆင့်အာမခံထားရှိမည့် အစီအစဉ်ကို ကြီးကြပ်ရေး အဖွဲ့သို့ တင်ပြရမည်၊

(ခ) ကြီးကြပ်ရေးအဖွဲ့က အတည်ပြုပြီးသော အသက်အာမခံ အမ်းငွေ၊ စာရင်းပိတ်တန်ဖိုး၊ ချေးငွေနှင့် အတိုးနှုန်း၊ ကော်မရှင်နှုန်းတို့ကို ကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက် မရရှိဘဲ ပြင်ဆင်ခြင်းမပြုရ၊

(ဂ) ကြီးကြပ်ရေးအဖွဲ့က အတည်ပြုပြီးသောပရီမီယံနှုန်းထား အတိုင်းသာ ကောက်ခံရမည်၊

(ဃ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် အစီအစဉ်ကို ကြီးကြပ်ရေး အဖွဲ့၏ သဘောတူညီချက်ဖြင့်သာ ဆောင်ရွက်ရမည်၊

(င) အာမခံရန်ပုံငွေတစ်ရပ်ရပ်၏ ရရန်ပိုင်ခွင့် အထောက် အထားများကို မြန်မာနိုင်ငံအတွင်း ထိန်းသိမ်းထားရှိပြီး မည်ကဲ့သို့ ထိန်းသိမ်းထားရှိကြောင်းကို ကြီးကြပ်ရေး အဖွဲ့သို့ တင်ပြရမည်။ ရရန်ပိုင်ခွင့် အများဆုံးငွေကြေး ပမာဏသည် ကြီးကြပ်ရေးအဖွဲ့က အာမခံအမျိုးအစား အလိုက် သတ်မှတ်ထားသည့်အတိုင်း ဖြစ်စေရမည်၊

(စ) သက်ဆိုင်ရာ အထွေထွေအာမခံလုပ်ငန်း အမျိုးအစား အလိုက် ပင်မရန်ပုံငွေ ထူထောင်ထားရှိရမည်။ အဆိုပါ ရန်ပုံငွေကို သက်ဆိုင်ရာ အာမခံလုပ်ငန်းအမျိုးအစားနှင့် စပ်လျဉ်းသည့် ပေးရန်တာဝန်များနှင့် ကုန်ကျစရိတ်များ အတွက်သာ အသုံးပြုရမည်၊

(ဆ) ပုဒ်မခွဲ(စ) ပါ ပင်မရန်ပုံငွေအပြင် သက်ဆိုင်ရာ အထွေ ထွေ အာမခံအမျိုးအစားအလိုက် အခြားရန်ပုံငွေ ထပ်ဆောင်းထားရှိရန် ကြီးကြပ်ရေးအဖွဲ့က ညွှန်ကြား လာလျှင် ယင်းသို့ညွှန်ကြားသည့်အတိုင်းလိုက်နာရမည်၊

(ဇ) အာမခံလုပ်ငန်း ဖျက်သိမ်းရာတွင် ပေးရန်တာဝန်နှင့် ကုန်ကျစရိတ်အားလုံး ကျခံပြီးနောက် ကျန်ရှိသော ရန်ပုံငွေကို အခြားလျော့နည်းနေသော အာမခံရန်ပုံငွေ များတွင် ဦးစွာဖြည့်သွင်းရမည်၊

(ဈ) အခြားအာမခံရန်ပုံငွေများတွင်ပိုငွေရှိပါကကြီးကြပ်ရေး အဖွဲ့၏ ခွင့်ပြုချက်ဖြင့် ထိုပိုငွေများကို ထုတ်ယူခွင့် ရှိသည်၊

(ည) လူမွဲအဖြစ် ကြေညာခံရလျှင်ဖြစ်စေ၊ ပေးရန်တာဝန် များကိုပေးချေနိုင်ခြင်းမရှိခဲ့လျှင်ဖြစ်စေ မိမိ၏ရရန်ပိုင်ခွင့် များကို ပေါ်လစီရှင် အားလုံးသို့ ခွဲဝေပေးရမည်။ ပေါ်လစီရှင်များသို့ ပေးရန်တာဝန်သည် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၃၀ ပါ ဦးစားပေး ရမည့် တာဝန်များမှအပ အခြားပေးရန်တာဝန်များ ထက် ဦးစားပေးအဆင့်တွင် ရှိစေရမည်။

## အခန်း (၇)

## စာရင်း စစ်ဆေးခြင်း

၁၄။ အာမခံလုပ်ငန်းလုပ်ကိုင်သူ၊ အာမခံအလုပ် လက်ခံကိုယ်စားလှယ် သို့မဟုတ် အာမခံအကျိုးဆောင်သည် မိမိထိန်းသိမ်းထားရှိသော စာရင်း စာအုပ် နှင့် မှတ်တမ်း များ အပါအဝင် ဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံစာရင်းကောင်စီက ထုတ်ပေးထားသော ကိုယ်ပိုင်စာရင်းကိုင် လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်ရရှိပြီး ကြီးကြပ်ရေးအဖွဲ့က သဘော တူသော စာရင်းစစ်ကိုသာလျှင် စစ်ဆေးစေရမည်။

၁၅။ စာရင်းစစ်သည် လုပ်ငန်းလိုအပ်ချက်အရ တိုးချဲ့စစ်ဆေးရန်နှင့် စုံစမ်း စစ်ဆေးမှုများပြုလုပ်ရန် ကြီးကြပ်ရေးအဖွဲ့က ညွှန်ကြားခဲ့လျှင် လိုက်နာဆောင်ရွက်ရမည်။

၁၆။ စာရင်းများကို စစ်ဆေးနေစဉ်အတွင်း အောက်ပါအချက်တစ်ရပ်ရပ်ကို စစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာစာရင်းစစ်သည် ကြီးကြပ်ရေးအဖွဲ့သို့ ချက်ချင်းအစီရင်ခံရမည်—

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ခြင်း၊

(ခ) အာမခံရန်ပုံငွေ လုံလောက်မှုအခြေအနေကို ထိခိုက်စေမည့်လုပ်ဆောင်ချက် သို့မဟုတ် အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်နေခြင်း၊

(ဂ) အာမခံထားသူများ၏ အကျိုးစီးပွားကို ထိခိုက်စေမည့် လုပ်ဆောင်ချက်များအပါအဝင် မှုမမှန်သည့်လုပ်ဆောင်ချက်များ ဆောင်ရွက်ထားခြင်း၊

(ဃ) ပေးရန်တာဝန်များကို ပေးချေနိုင်မှုမရှိခြင်း။

## အခန်း (ဂ)

## လုပ်ငန်းလိုင်စင် ပယ်ဖျက်ခြင်း

၁၇။ အာမခံလုပ်ငန်းလုပ်ကိုင်သူ၊ အာမခံအလုပ်လက်ခံကိုယ်စားလှယ် သို့မဟုတ် အာမခံအကျိုးဆောင်သည် အောက်ပါအချက် တစ်ရပ်ရပ်နှင့် ငြိစွန်းနေကြောင်း တွေ့ရှိပါက ကြီးကြပ်ရေးအဖွဲ့သည် သက်ဆိုင်ရာ လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်နိုင်သည်—

(က) လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ထားသော ထည့်ဝင်ပြီး မတည်ရင်းနှီးငွေ မရှိဘဲ လုပ်ငန်းစတင် လုပ်ဆောင်ခြင်း၊

(ခ) လုပ်ငန်းလိုင်စင်ရပြီးနောက် ၁၂ လအတွင်း လုပ်ငန်းစတင် လုပ်ဆောင်မှုမရှိခြင်း၊

(ဂ) သက်ဆိုင်ရာ လုပ်ငန်းအမျိုးအစားကို ဆက်လက် လုပ်ဆောင်မှုမရှိခြင်း၊

(ဃ) လူမွဲအဖြစ် ကြေညာခံရခြင်း၊

(င) ပေါ်လစီရှင်များ၏ အကျိုးစီးပွားကို ထိခိုက်နိုင်သည့် နည်းလမ်းဖြင့် လုပ်ငန်းလုပ်ဆောင်နေခြင်း၊

(စ) ပေးရန်တာဝန်များကို ဆက်လက်ပေးဆောင်နိုင်မှု မရှိခြင်း၊

(ဆ) မိမိကိုယ်တိုင်ကဖြစ်စေ၊ မိမိ၏အုပ်ချုပ်ရေးဆိုင်ရာ အရာရှိတစ်ဦးဦးကဖြစ်စေ ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ခြင်း၊

(ဇ) မှားယွင်းသော၊ မတိကျသော၊ အဓိပ္ပာယ်လွဲမှားကောက်ယူနိုင်သော၊ လိမ်လည်လှည့်ဖြားထားသော အချက်များကို ကြီးကြပ်ရေးအဖွဲ့သို့ ပေးပို့ခြင်း၊

(ဈ) လုပ်ငန်းလိုင်စင် လျှောက်ထားရာတွင် အရေးပါသည့် အချက်အလက်များကို ထုတ်ဖော်ရန် ပျက်ကွက်ခြင်း သို့မဟုတ် ဖုံးကွယ်ထားခြင်း၊

(ည) တစ်ဆင့်အာမခံထားရှိရန် လိုအပ်သည့် ကိစ္စနှင့် လိုလောက်သည့် တစ်ဆင့်အာမခံ မထားရှိခြင်း။

## အခန်း (၉)

## စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၁၇။ အာမခံလုပ်ငန်း၊ အာမခံအလုပ် လက်ခံကိုယ်စားလှယ်လုပ်ငန်း သို့မဟုတ် အာမခံအကျိုးဆောင်လုပ်ငန်း လိုင်စင်ပယ်ဖျက်ခြင်းခံရပါက သက်ဆိုင်ရာကုမ္ပဏီကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားရုံး၏အမိန့်ဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအတွက် အမိန့်ချမှတ်ပေးရန် ကြီးကြပ်ရေးအဖွဲ့က တာဝန်ပေးအပ်ခြင်းခံရသူက စီရင်ပိုင်ခွင့်ရှိ တရားရုံးသို့ လျှောက်ထားရမည်။

၁၉။ တရားရုံးသည် ပုဒ်မ ၁၈ အရ လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ ယင်းလျှောက်ထားချက်နှင့် စပ်လျဉ်း၍ တင်သွင်းလာသည့် မည်သည့်ကန့်ကွက်ချက် တစ်စုံတစ်ရာကိုမျှ လက်ခံစဉ်းစားခြင်းမပြုဘဲ လျှောက်ထားခံရသည့်ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းရန် အမိန့်ချမှတ်ပြီး မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၂၀။ ပုဒ်မ ၁၈ နှင့် ပုဒ်မ ၁၉ အရ ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းရာတွင်ဖြစ်စေ၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်အရ ကုမ္ပဏီကို စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင်ဖြစ်စေ ပေါ်လစီရှင်များသို့ ပေးရန်တာဝန်သည် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၃၀ ပါ ဦးစားပေးရမည့်တာဝန်များမှအပ အခြား ပေးရန်တာဝန်များထက် ဦးစားပေးအဆင့်တွင် ရှိစေရမည်။

## အခန်း (၁၀)

### စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၁။ (က) အာမခံလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် အာမခံအလုပ်လက်ခံကိုယ်စားလှယ်သည်—

(၁) အာမခံရန်ပုံငွေတစ်ရပ်ရပ်၏ အသားတင် ရရန်ပိုင်ခွင့်ကို သတ်မှတ်ချက်များနှင့်အညီ မထားရှိလျှင်သော်လည်းကောင်း၊

(၂) ကြီးကြပ်ရေးအဖွဲ့က ဤဥပဒေနှင့်အညီ တောင်းဆိုသောမိမိ၏အစုရှယ်ယာနှင့် စပ်လျဉ်းသည့် အချက်အလက်များကို တင်ပြရန်ပျက်ကွက်ခြင်း၊ ထိမ်ချန်ခြင်း သို့မဟုတ် လွဲမှားတင်ပြခြင်းပြုလျှင် သော်လည်းကောင်း၊

(ခ) အာမခံလုပ်ငန်းလုပ်ကိုင်သူ၊ အာမခံအလုပ်လက်ခံ ကိုယ်စားလှယ် သို့မဟုတ် အာမခံအကျိုးဆောင်သည်—

(၁) မိမိ၏လုပ်ငန်းဆောင်ရွက်မှုနှင့် ဘဏ္ဍာရေးအခြေအနေကို ပေါ်လွင်ထင်ရှားစေသည့် စာရင်းစာအုပ်နှင့် မှတ်တမ်းများကို စာရင်းစစ်ဆေးနိုင်ရန်အတွက် စနစ်တကျနှင့် လွယ်ကူစွာ ထိန်းသိမ်းထားမှုမရှိလျှင်သော်လည်းကောင်း၊

(၂) ပြုစုရေးဆွဲထားသော ဘဏ္ဍာရေးနှစ်အလိုက် နှစ်ချုပ်စာရင်းများကိုနှစ်စဉ်စာရင်းစစ်ဆေးမှုမရှိလျှင်သော်လည်းကောင်း၊

(၃) နှစ်ချုပ်စာရင်းများနှင့် အခြား စာရင်းများကို သတ်မှတ်ချက်နှင့်အညီ ပြုစုရေးဆွဲပြီး သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီး ၄ လ အတွင်း ကြီးကြပ်ရေးအဖွဲ့ထံ တင်ပြရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊

(၄) ကြီးကြပ်ရေးအဖွဲ့က အတည်မပြုသော သို့မဟုတ် သုံးစွဲခွင့်မပြုသော အာမခံလုပ်ငန်းနှင့် စပ်လျဉ်းသည့်ပုံစံ၊ ပေါ်လစီ သို့မဟုတ် ကြော်ငြာကိုအသုံးပြုဖြန့်ဝေခြင်း သို့မဟုတ် အတည်ပြုပြီးပုံစံ၊ ပေါ်လစီ သို့မဟုတ် ကြော်ငြာကို ပြင်ဆင်ပြောင်းလဲ သုံးစွဲခြင်းပြုလျှင်သော်လည်းကောင်း

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းခံရမည်။**

၂၂။ ကြီးကြပ်ရေးအဖွဲ့သည် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းခံရသူအား အောက်ပါအမိန့် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်—

(က) ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ခ) လုပ်ငန်းလိုင်စင်အရ လုပ်ကိုင်နေသောလုပ်ငန်းကို ယာယီရပ်ဆိုင်းစေခြင်း၊

(ဂ) ဒဏ်ကြေးငွေပေးဆောင်စေပြီး လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဃ) လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်ခြင်း၊

(င) ကုမ္ပဏီအား နာမည်ပျက်စာရင်းတွင် ထည့်သွင်းသတ်မှတ်ပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြောင်းကြားခြင်း။

၂၃။ ကြီးကြပ်ရေးအဖွဲ့က ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို မကျေနပ်သူသည် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံဝင်နိုင်သည်။

၂၄။ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၁)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၅။ မည်သူမဆို လုပ်ငန်းလိုင်စင်မရှိဘဲ အာမခံလုပ်ငန်းလုပ်ကိုင်သူသို့မဟုတ် အာမခံအလုပ်လက်ခံကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၅ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၆။ မည်သူမဆို လုပ်ငန်းလိုင်စင်မရှိဘဲ အာမခံအကျိုးဆောင်အဖြစ်ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၃၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ အာမခံလုပ်ငန်း၊ အာမခံအလုပ်လက်ခံ ကိုယ်စားလှယ်လုပ်ငန်း သို့မဟုတ် အာမခံအကျိုးဆောင်လုပ်ငန်းကို လုပ်ကိုင်သော ကုမ္ပဏီမှ တာဝန်ရှိသူ တစ်ဦးဦးသည် ကြီးကြပ်ရေးအဖွဲ့က ဤဥပဒေနှင့်အညီ စစ်ဆေးခြင်းကို တမင်ငြင်းပယ်ကြောင်း၊ စာအုပ်များ၊ စာရင်းများ၊ မှတ်တမ်းများ၊ စာရွက်စာတမ်းများကိုစစ်ဆေးခွင့်မပြုကြောင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၈။ အာမခံလုပ်ငန်း၊ အာမခံအလုပ်လက်ခံ ကိုယ်စားလှယ်လုပ်ငန်း သို့မဟုတ် အာမခံအကျိုးဆောင်လုပ်ငန်းကို လုပ်ကိုင်သောကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးဦးသည် ကြီးကြပ်ရေးအဖွဲ့က ဤဥပဒေနှင့်အညီ တောင်းဆိုသောစာရွက်စာတမ်း၊ အစီရင်ခံစာ၊ စာရင်းဇယား၊ စာအုပ် စာတမ်းများကို တင်ပြရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ငွေဒဏ်ကျပ် ၁၀၀၀၀ အထိ ချမှတ်ရမည်။

## အခန်း (၁၂)

### အထွေထွေ

၂၉။ ဝန်ကြီးဌာနသည် အာမခံလုပ်ငန်း၊ အာမခံ အလုပ်လက်ခံ ကိုယ်စားလှယ်လုပ်ငန်း သို့မဟုတ် အာမခံ အကျိုးဆောင်လုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်လိုသောကုမ္ပဏီအား အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်။

၃၀။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပြဋ္ဌာန်း ပါရှိစေကာမူ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် လုပ်ငန်း လုပ်ကိုင်သော ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် စီးပွားရေး အဖွဲ့အစည်းသည် အာမခံလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် အာမခံ အလုပ်လက်ခံ ကိုယ်စား လှယ်က လက်ခံဆောင်ရွက်လျက်ရှိသော အာမခံ အမျိုးအစားများကို ထားနိုင်ခွင့် ရှိစေရမည်။

၃၁။ အာမခံလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် အာမခံ အလုပ်လက်ခံ ကိုယ်စားလှယ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှထုတ်ပေးသည့် နိုင်ငံခြား သုံးငွေ လက်ခံကိုင်ဆောင်ခွင့် လိုင်စင်ရရှိပါက အာမခံလုပ်ငန်းကို နိုင်ငံခြားငွေဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်သည်။

၃၂။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ မိဘ သို့မဟုတ် တရားဝင်အုပ်ထိန်းသူ၏ စာဖြင့် သဘောတူညီချက်အရ အသက် ၁၀ နှစ်နှင့် အသက် ၁၈ နှစ်ကြားရှိသူသည် ဤဥပဒေအရ အသက် အာမခံပဋိညာဉ် ပြုလုပ်နိုင်ခွင့် ရှိစေရမည်။

၃၃။ တည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ အာမခံလျော်ကြေးပေါ်တွင် မည်သည့်အခွန်အခကိုမျှ စည်းကြပ်ခြင်း မပြုရ။

၃၄။ နိုင်ငံတော်သို့ ပေးရန်ရှိသည့် ကြွေးမြီမှအပ အခြားကြွေးမြီတစ်ရပ် ရပ်နှင့် စပ်လျဉ်း၍ အာမခံလျော်ကြေးပေါ်တွင် ပြစ်မှုကြောင်းအရသော် လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း ဝရမ်းကပ်ခြင်း မပြုရ။

၃၅။ ဤဥပဒေသည် မြန်မာ့အာမခံဥပဒေအရ တည်ထောင်ဖွဲ့စည်း ထားသော မြန်မာ့အာမခံနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၃၆။ ဤဥပဒေပုဒ်မ ၂၇ နှင့် ပုဒ်မ ၂၈ တို့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၇။ ဝန်ကြီးဌာနသည် ဤဥပဒေအရ လိုအပ်သော ဝန်ထမ်းအဖွဲ့အစည်းကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းထားရှိနိုင်သည်။

၃၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်—

(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးဌာန သို့မဟုတ် ကြီးကြပ်ရေးအဖွဲ့သည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## တိုင်းရင်းဆေးဝါးဥပဒေ

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## တိုင်းရင်းဆေးဝါးဥပဒေ

( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၇/၉၆)

၁၃၅၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်

(၁၉၉၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကိုတိုင်းရင်းဆေးဝါးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) တိုင်းရင်းဆေးဝါး ဆိုသည်မှာ လူနှင့် တိရစ္ဆာန်တို့အတွက် ရောဂါရှာဖွေရန်၊ ကာကွယ်ရန်၊ ကုသရန်၊ ကျန်းမာရေးတိုးတက်စေရန် သို့မဟုတ် အကျိုးသက်ရောက်မှုတစ်ခုခုဖြစ်စေရန် တိုင်းရင်းဆေးပညာကို အခြေခံ၍ ခန္ဓာကိုယ်အတွင်း သို့မဟုတ် ခန္ဓာကိုယ်ပေါ်တွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံး

ပြုရန် ပြည်တွင်းတွင် ဖော်စပ်သည့် ပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကျန်းမာရေးဝန်ကြီးဌာနက အခါ အားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တိုင်းရင်း ဆေးဝါးဟု သတ်မှတ်သောပစ္စည်းလည်း ပါဝင်သည်၊

( ခ ) တိုင်းရင်းဆေးပညာ ဆိုသည်မှာ ဒေသနာနယ၊ ဘေသဇ္ဇ နယ၊ နက္ခတ္တ ဗေဒ နယ၊ ဝိဇ္ဇာဓရ နယ တည်းဟူသော နယကြီး ၄ ပါးအနက် တစ်ပါးပါးနှင့် အကျုံးဝင် သော အသက်ရှည်ရာ အနာမဲ့ကြောင်း ဆေးပညာရပ်ကို ဆိုသည်၊

( ဂ ) အာဏာပိုင်အဖွဲ့ ဆိုသည်မှာ အမျိုးသား ဆေးဝါးဥပဒေ အရ ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါး အာဏာပိုင်အဖွဲ့တွင် ဤဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်ဖြင့် ဖြည့်စွက် ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်၊

(ဃ) အဓိကတိုင်းရင်းဆေးဝါး ဆိုသည်မှာ အာဏာပိုင်အဖွဲ့က သတ်မှတ်ထားသည့် ပြည်သူအများစု၏ ကျန်းမာရေး စောင့်ရှောက်မှုတွင် မရှိမဖြစ် လိုအပ်သော တိုင်းရင်း ဆေးဝါးကို ဆိုသည်၊

( င ) စံမညီ တိုင်းရင်းဆေးဝါး ဆိုသည်မှာ တိုင်းရင်းဆေးဝါး မှတ်ပုံတင်စဉ်က ဖော်ပြထားသော ဆေးဖုံ၊ ဖော်စပ် နည်းနှင့်အညီ မဟုတ်ဘဲ ဖော်စပ်ထားသော တိုင်းရင်း ဆေးဝါးကို ဆိုသည်၊

( စ ) ပျက်စီးတိုင်းရင်းဆေးဝါး ဆိုသည်မှာ တိုင်းရင်းဆေးဝါး သက် တမ်း ကုန် ဆုံး ရက် သို့ ရောက် ရှိ သော သို့မ ဟုတ် ကျော်လွန်နေပြီဖြစ်သော တိုင်းရင်းဆေးဝါး သို့မဟုတ် တစ်နည်းနည်းဖြင့် ဓာတ်သဘာဝဖြစ်စေ၊အာနိသင်ဖြစ်စေ ပြောင်းလဲသွားသော တိုင်းရင်းဆေးဝါးကို ဆိုသည်၊

(ဆ) တိုင်းရင်းဆေးဝါး သက်တမ်းကုန်ဆုံးရက် ဆိုသည်မှာ တိုင်းရင်းဆေးဝါး တစ်ခုခုနှင့် စပ်လျဉ်း၍ အာမခံထားသော ဆေးဝါးအာနိသင်၊ ဆေးဝါး၏ အစွမ်းထက်မြက်မှု၊ ဘေးဥပဒ်ကင်းရှင်းမှုနှင့် အရည်အသွေးများ မရှိတော့ကြောင်းသိရှိစေရန် အာဏာပိုင်အဖွဲ့၏ အတည်ပြုချက်အရ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူက အမှတ်တံဆိပ်ပေါ်တွင် ဖော်ပြထားသောရက်စွဲကို ဆိုသည်၊

(ဇ) အမှတ်တံဆိပ် ဆိုသည်မှာ တိုင်းရင်းဆေးဝါးထည့်သော သို့မဟုတ် ထုပ်ပိုးသောပစ္စည်းတစ်ခုခုပေါ်တွင် တစ်နည်းနည်းဖြင့် မြင်သာအောင် ဖော်ပြထားသည့် အမှတ်အသားကို ဆိုသည်၊

(ဈ) တိုင်းရင်းဆေးဝါးကုန်ကြမ်း ဆိုသည်မှာ တိုင်းရင်းဆေးဝါးများ ဖော်စပ်ထုတ်လုပ်ရာတွင် အဓိက ထည့်သွင်းအသုံးပြုရသော အာဏာပိုင်အဖွဲ့က သတ်မှတ်သည့် ပစ္စည်းကို ဆိုသည်၊

(ည) တိုင်းရင်းဆေးဝါးမှတ်ပုံတင်ခြင်း ဆိုသည်မှာ ထုတ်လုပ်မည့် တိုင်းရင်းဆေးဝါးကို အာဏာပိုင်အဖွဲ့တွင် မှတ်ပုံတင်ခြင်းကို ဆိုသည်၊

(ဋ) လိုင်စင် ဆိုသည်မှာ တိုင်းရင်းဆေးဝါး ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ထုတ်ပေးသည့်ခွင့်ပြုမိန့်ကို ဆိုသည်၊

(ဌ) တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်း ဆိုသည်မှာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရာတွင် ဆောင်ရွက်ရသော လုပ်ငန်းဆောင်တာများကို ဆိုသည်။ ယင်းစကားရပ်တွင် အဆင့်ဆင့် လုပ်ဆောင်ရသည့် လုပ်ငန်းများအားလုံး သို့မဟုတ် အဆင့်တစ်ခုခုကို ဆောင်ရွက်ခြင်းလည်း ပါဝင်သည်။ သို့ရာတွင် တိုင်းရင်းဆေးရုံ၊ တိုင်းရင်းဆေးပေးခန်းနှင့် ပရဆေးဆိုင်များတွင် ဝေဒနာရှင်များ

အဘွက်ဖြစ်စေ၊ တိုင်းရင်းဆေးဆရာက မိမိဆေးကုသရာတွင် အသုံးပြုရန်ဖြစ်စေ၊ မည်သူမဆို ကိုယ်တိုင်သုံးစွဲရန်ဖြစ်စေ ဆေးနည်း ဆေးညွှန်းများအရ ဆောင်ရွက်သော တိုင်းရင်းဆေးဝါး၊ ဆေးမြီးတိုဖော်စပ်ခြင်းလုပ်ငန်းများ မပါဝင်၊

(ဃ) ဆေးမြီးတို ဆိုသည်မှာ အလွယ်တကူ ဖော်စပ်သုံးစွဲနိုင်သော တိုင်းရင်းဆေးဝါးကို ဆိုသည်၊

(င) **အရည်အသွေးအာမခံချက်** ဆိုသည်မှာ တိုင်းရင်းဆေးဝါးထုတ်လုပ်သူက မိမိ၏တိုင်းရင်းဆေးဝါးတွင် ဖော်ပြသော ရောဂါတစ်မျိုးအတွက် ဖြစ်စေ၊ တစ်မျိုးထက်ပိုသော ရောဂါများအတွက် ဖြစ်စေ အကျိုးသက်ရောက်မှုရှိ၍ စစ်မှန်ပြီး ဘေးဥပဒ်ကင်းကြောင်း အာမခံခြင်းကို ဆိုသည်၊

(စ) ကြော်ငြာခြင်း ဆိုသည်မှာ တိုင်းရင်းဆေးဝါးများ တွင်ကျယ်စွာ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် တစ်နည်းနည်းဖြင့် အများသိရှိအောင် ဆောင်ရွက်ခြင်းကို ဆိုသည်၊

(ဆ) **မူလဓာတ်ခွဲခန်း** ဆိုသည်မှာ တိုင်းရင်းဆေးဝါးနမူနာများကို ဓာတ်ခွဲစစ်ဆေးရန် အာဏာပိုင်အဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသော ဓာတ်ခွဲခန်းကို ဆိုသည်၊

(ဇ) **အယူခံဓာတ်ခွဲခန်း** ဆိုသည်မှာ မူလ ဓာတ်ခွဲခန်းများ မှ တိုင်းရင်းဆေးဝါးများ ဓာတ်ခွဲစစ်ဆေးမှု မှတ်ချက်နှင့် စပ်လျဉ်း၍ ပြဿနာ တစ်စုံတစ်ရာပေါ်ပေါက်လာသည့် အခါ၌ဖြစ်စေ၊ တစ်ဘက်ဘက်မှ ကျေနပ်မှု မရှိသဖြင့် အယူခံဝင်သည့်အခါ၌ဖြစ်စေ တိုင်းရင်းဆေးဝါးနမူနာကို ထပ်မံစစ်ဆေးပြီး ယင်းဆေးဝါးများ ဓာတ်ခွဲစစ်ဆေးမှုနှင့် စပ် လျဉ်း ၍ အပြီး သတ် အဆုံး အဖြတ် ပြုနိုင် ရန် အာဏာပိုင်အဖွဲ့က သီးခြားသတ်မှတ်ပေးသော ဓာတ်ခွဲခန်းကို ဆိုသည်။

## အခန်း ( ၂ )

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

( ခ ) အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်ကင်းကာ အကျိုး သက် ရောက် မှု ရှိသော တိုင်းရင်း ဆေးဝါး ကို အများပြည်သူတို့ သုံးစွဲနိုင်ရန်၊

( ဂ ) တိုင်းရင်းဆေးဝါးကို စနစ်တကျမှတ်ပုံတင်ထားရှိရန်၊

(ဃ) တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်းကို စနစ်တကျ ကြီးကြပ်ကွပ်ကဲရန်။

## အခန်း ( ၃ )

## အာဏာပိုင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ လုပ်ငန်းတာဝန်များ

၄။ အစိုးရသည် ဤဥပဒေပါ တိုင်းရင်းဆေးဝါးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရန်အလို့ငှာ သင့်လျော်သော တိုင်းရင်းဆေးဝါး ဆိုင်ရာ ကျွမ်းကျင်သူများ၊ ပညာရှင်များကို အမျိုးသားဆေးဝါးဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင် အဖွဲ့တွင် ဖြည့်စွက်ဖွဲ့စည်းရမည်။

၅။ အစိုးရဝန်ထမ်းမဟုတ်သော အာဏာပိုင်အဖွဲ့ဝင်သည် ကျန်းမာရေး ဝန်ကြီးဌာနက သတ်မှတ်သည့်ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၆။ ပုဒ်မ ၄ အရ ဖွဲ့စည်းသော အာဏာပိုင်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) တိုင်းရင်းဆေးဝါးမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

(ခ) မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသော တိုင်းရင်းဆေးဝါးနှင့်စပ်လျဉ်း၍ သမားစဉ်ဆက်ဖော်စပ်အသုံးပြုခြင်းများ၊ ဆေးကျမ်းများနှင့် ကိုက်ညီမှု ရှိ မရှိ၊ အရည်အသွေးနှင့် အကျိုး သက်ရောက်မှု ရှိ မရှိ၊ ဘေးဥပဒ်ကင်းရှင်းမှု ရှိမရှိ တို့ကို လိုအပ်သလို စိစစ်စေခြင်း၊ စမ်းသပ်စေခြင်း၊ စစ်ဆေးစေခြင်း၊

(ဂ) မှတ်ပုံတင်ထားသော တိုင်းရင်းဆေးဝါးကို ထုတ်လုပ်ရန်အတွက် လိုင်စင်လျှောက်ထားခွင့်ရှိသူ၏ အရည်အချင်းများ သတ်မှတ်ခြင်း၊ လိုင်စင်စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဃ) မှတ်ပုံတင်ထားသော တိုင်းရင်းဆေးဝါးကို အမှတ်တံဆိပ်ပြုလုပ်ခြင်း၊ အမှတ်တံဆိပ် ပြင်ဆင်ပြောင်းလဲခြင်း၊ ကြော်ငြာခြင်းနှင့် စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(င) မှတ်ပုံတင်ထားသော တိုင်းရင်းဆေးဝါး အရည်အသွေးအာမခံခြင်းနှင့် စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(စ) အဓိက တိုင်းရင်းဆေးဝါးများကို ရွေးချယ်သတ်မှတ်ခြင်း၊

(ဆ) တိုင်းရင်းဆေးဝါးကုန်ကြမ်းအဖြစ် သတ်မှတ်သော ပစ္စည်းများကို ကြေညာခြင်း၊

(ဇ) အများပြည်သူတို့ သုံးစွဲရန်မသင့်သော တိုင်းရင်းဆေးဝါး သို့မဟုတ် တိုင်း ရင်း ဆေး ဝါး ကုန် ကြမ်း ကို စိစစ်၍ ကျန်းမာရေးဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(ဈ) မျိုး သုဉ်း မည့် အန္တရာယ် ရှိ သည့် တိုင်း ရင်း ဆေး ဝါး ကုန် ကြမ်း များ ကို ထိန်း သိမ်း စောင့် ရှောက် နိုင် ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ည) တိုင်း ရင်း ဆေး ဝါး ကုန် ကြမ်း များ စု ဆောင်း ခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ထိန်းသိမ်းခြင်းများနှင့် စပ်လျဉ်း၍ နည်းပညာများ ဖြန့်ဖြူးစေခြင်း၊

(ဋ) တိုင်း ရင်း ဆေး ဝါး အ ဆင့် အ တန်း မြင့် မား ရေး နှင့် ခေတ် မီ ရေး အ တွက် သု တေ သ န လုပ် ငန်း များ ဆောင်ရွက်ရန် လမ်းညွှန်ခြင်း၊

(ဌ) တိုင်း ရင်း ဆေး ဝါး သို့ မ ဟုတ် တိုင်း ရင်း ဆေး ဝါး ကုန် ကြမ်း ထုတ် လုပ် သော သို့ မ ဟုတ် ပြည် ပ မှ တင်သွင်းသော အစိုး ရ ဌာ န၊ အ ဖွဲ့ အ စည်း များ အား အကြံဉာဏ်ပေးခြင်း၊

(ဍ) တိုင်း ရင်း ဆေး ဝါး ကို အများပြည်သူတို့ ကျယ်ကျယ် ပြန့်ပြန့် သုံး စွဲ ရေး အ တွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်စေခြင်း၊

(ဎ) ကျွမ်း ကျင် မှု ဆိုင် ရာ ကိစ္စ ရပ် များ နှင့် စပ် လျဉ်း ၍ ဆောင်ရွက်နိုင်ရန် လိုအပ်သောကော်မတီများ ဖွဲ့စည်း ခြင်းနှင့် ယင်းကော်မတီများ၏ လုပ် ငန်း တာ ဝန် များ သတ်မှတ်ခြင်း၊

(ဏ) တိုင်း ရင်း ဆေး ဝါး ကိစ္စ ရပ် များ နှင့် စပ် လျဉ်း ၍ ကြီးကြပ်နိုင်ရန် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်များတွင် တိုင်းရင်းဆေးဝါး ကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်း ခြင်းနှင့် ယင်းကော်မတီများ၏ လုပ် ငန်း တာ ဝန် များ သတ်မှတ်ခြင်း၊

(တ) မှုလခာတ်ခွဲခန်းနှင့် အယူခံခာတ်ခွဲခန်းများ သတ်မှတ်ခြင်း။

၇။ အာဏာပိုင်အဖွဲ့သည် ဝိဝါဒကွဲပြားမှု သို့မဟုတ် အငြင်းပွားမှု ပေါ်ပေါက်သော ပစ္စည်းနှင့် စပ်လျဉ်း၍ တိုင်းရင်းဆေးဝါးအဖြစ် လည်းကောင်း၊ တိုင်းရင်းဆေးဝါး ကုန်ကြမ်းအဖြစ် လည်းကောင်း သတ်မှတ်နိုင်ခြင်း ရှိ မရှိ စိစစ်ဆုံးဖြတ်ပေးရမည်။

၈။ အာဏာပိုင်အဖွဲ့သည် တိုင်းရင်းဆေးဝါး ကုန်ကြမ်းများ စုဆောင်းခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းဝယ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်းများကို ကြီးကြပ်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်နိုင်သည်။

၉။ အာဏာပိုင်အဖွဲ့သည် မိမိ၏လုပ်ငန်းတာဝန်များကို အဖွဲ့အစည်း တစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

## အခန်း (၄)

## တိုင်းရင်းဆေးဝါး မှတ်ပုံတင်ခြင်း

၁၀။ တိုင်းရင်းဆေးဝါးကို မှတ်ပုံတင်လိုသူသည် သတ်မှတ်ချက်များနှင့်အညီ အာဏာပိုင်အဖွဲ့တွင် မှတ်ပုံတင်ရမည်။

၁၁။ အာဏာပိုင်အဖွဲ့သည် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသော တိုင်းရင်းဆေးဝါးကို လိုအပ်သလို စိစစ်စေခြင်း၊ စမ်းသပ်စေခြင်း၊ စစ်ဆေးစေခြင်း ပြုလုပ်ပြီး ယင်းတိုင်းရင်းဆေးဝါးကို မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၂။ တိုင်းရင်းဆေးဝါး မှတ်ပုံတင်သက်တမ်း၊ မှတ်ပုံတင်ခ၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခတို့သည် အာဏာပိုင်အဖွဲ့က သတ်မှတ်သည့်အတိုင်း ဖြစ်သည်။

၁၃။ တိုင်းရင်းဆေးဝါး မှတ်ပုံတင်ခွင့် ရရှိသူသည်—

(က) ကျသင့်သော မှတ်ပုံတင်ခကို ပေးဆောင်ရမည်၊

(ခ) မှတ်ပုံတင်ခွင့်ဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာရမည့်အပြင် အာဏာပိုင်အဖွဲ့က ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကိုလည်း လိုက်နာရမည်၊

(ဂ) မှတ်ပုံတင်သက်တမ်း ကုန်ဆုံးသည့်အခါ သတ်မှတ်ထားသော မှတ်ပုံတင်သက်တမ်း တိုးမြှင့်ခ ပေးဆောင်၍ သက်တမ်းတိုးမြှင့်နိုင်သည်။

၁၄။ တိုင်းရင်းဆေးဝါး မှတ်ပုံတင်ခွင့်ရရှိသူက မှတ်ပုံတင်ခွင့်ဆိုင်ရာ စည်းကမ်းချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ အာဏာပိုင်အဖွဲ့က ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိရပါက အာဏာပိုင်အဖွဲ့က တာဝန်လွှဲအပ်ခြင်းခံရသော အဖွဲ့အစည်းသို့မဟုတ် ပုဂ္ဂိုလ်သည် မှတ်ပုံတင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၅။ ကာလအကန့်အသတ်ဖြင့် မှတ်ပုံတင် ရုပ်သိမ်းခြင်း ခံရသူသည် ကန့်သတ်သည့်ကာလ ကုန်ဆုံးသောအခါ မှတ်ပုံတင်အသစ် ထုတ်ပေးရန် အာဏာပိုင်အဖွဲ့သို့ လျှောက်ထားနိုင်သည်။

၁၆။ တိုင်းရင်းဆေးဝါး မှတ်ပုံတင် ပယ်ဖျက်ခြင်းခံရသူသည် မိမိလက်ဝယ်ရှိ မှတ်ပုံတင် ပယ်ဖျက်ခြင်းခံရသော တိုင်းရင်းဆေးဝါးနှင့် စပ်လျဉ်း၍ အာဏာပိုင်အဖွဲ့က ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၅)

## လိုင်စင်လျှောက်ထားခြင်း

၁၇။ မှတ်ပုံတင်ထားသော တိုင်းရင်းဆေးဝါးကို ထုတ်လုပ်လိုသူသည် သတ်မှတ်ချက်များနှင့်အညီ အာဏာပိုင်အဖွဲ့သို့ လိုင်စင် လျှောက်ထားရမည်။

၁၈။ အာဏာပိုင်အဖွဲ့သည် လိုင်စင်လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်စေခြင်း၊ လိုအပ်ပါက စစ်ဆေးစေခြင်းများပြုလုပ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၉။ လိုင်စင်သက်တမ်း၊ လိုင်စင်ခနှင့် လိုင်စင်သက်တမ်း တိုးမြှင့်ခတို့သည် အာဏာပိုင်အဖွဲ့က သတ်မှတ်သည့်အတိုင်းဖြစ်သည်။

၂၀။ လိုင်စင်ရရှိသူသည်—

(က) ကျသင့်သောလိုင်စင်ခကို ပေးဆောင်ရမည်၊

(ခ) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည့်အပြင် အာဏာပိုင်အဖွဲ့က ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကိုလည်း လိုက်နာရမည်၊

(ဂ) လိုင်စင်သက်တမ်း ကုန်ဆုံးသည့်အခါ လိုင်စင်သက်တမ်းတိုးမြှင့်ခပေးဆောင်၍ သက်တမ်းတိုးမြှင့်နိုင်သည်။

၂၁။ လိုင်စင်ရရှိသူက လိုင်စင်ပါစည်းကမ်းချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ အာဏာပိုင်အဖွဲ့က ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက် တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိရပါက အာဏာပိုင်အဖွဲ့က တာဝန်လွှဲအပ်ခြင်းခံရသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၂။ ကာလအကန့်အသတ်ဖြင့် လိုင်စင်ရုပ်သိမ်းခြင်း ခံရသူသည် ကန့်သတ်သည့်ကာလ ကုန်ဆုံးသောအခါ လိုင်စင်အသစ်ထုတ်ပေးရန် သတ်မှတ်ချက်များနှင့်အညီ အာဏာပိုင်အဖွဲ့သို့ လျှောက်ထားနိုင်သည်။

၂၃။ လိုင်စင်ပယ်ဖျက်ခြင်း ခံရသူသည်—

(က) ပယ်ဖျက်ခြင်းခံရသော တိုင်းရင်းဆေးဝါးအတွက် လိုင်စင်ထပ်မံလျှောက်ထားခြင်းမရှိစေရ၊

( ခ ) မိမိလက်ဝယ်ရှိ အရည်အသွေးပြည့်မီသည်ဟု အာဏာပိုင်အဖွဲ့က သတ်မှတ်ထားသော တိုင်းရင်းဆေးဝါးကို လိုင်စင်ရရှိထားသော အခြားသူတစ်ဦးဦးအား ရက်ပေါင်း ၆၀ အတွင်း လွှဲပြောင်းခြင်း၊ ရောင်းချခြင်း ပြုနိုင်သည်၊

( ဂ ) မိမိလက်ဝယ်ရှိ အရည်အသွေးမပြည့်မီသော တိုင်းရင်းဆေးဝါးနှင့်စပ်လျဉ်း၍ အာဏာပိုင်အဖွဲ့က ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၂၄။ တိုင်းရင်းဆေးပညာဦးစီးဌာနသည် လိုင်စင်ပယ်ဖျက်ခြင်းခံရသူ ထုတ်လုပ်ဖြန့်ဖြူးထားသည့် အရည်အသွေး မပြည့်မီသော တိုင်းရင်းဆေးဝါးများကို သိမ်းဆည်းနိုင်ရန် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် တိုင်းရင်းဆေးဝါး ကြီးကြပ်ရေးကော်မတီများသို့ ညွှန်ကြားနိုင်သည်။

## အခန်း (၆)

## အယူခံခြင်း

၂၅။ အာဏာပိုင်အဖွဲ့က တာဝန်လွှဲအပ်ခြင်းခံရသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်က တိုင်းရင်းဆေးဝါးနှင့် စပ်လျဉ်း၍ ချမှတ်သည့် အောက်ပါဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အာဏာပိုင်အဖွဲ့သို့ အယူခံနိုင်သည်—

(က) မှတ်ပုံတင်ပေးရန် ငြင်းပယ်ခြင်း၊ မှတ်ပုံတင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

( ခ ) လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ လိုင်စင်ကို ကာလအကန့်အသတ်ဖြင့်ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

၂၆။ အာဏာပိုင်အဖွဲ့ကချမှတ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၇)

## တားမြစ်ချက်များ

၂၇။ မည်သူမျှအောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးကို ထုတ်လုပ်ခြင်း မပြုရ—

(က) မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါး၊

(ခ) မှတ်ပုံတင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလုပ်ထားသော တိုင်းရင်းဆေးဝါး၊

(ဂ) စံမညီတိုင်းရင်းဆေးဝါး၊

(ဃ) သုံးစွဲရန်မသင့်ဟု ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်၍ သတ်မှတ်ထားသော တိုင်းရင်းဆေးဝါး။

၂၈။ မည်သူမျှအောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးကို ရောင်းချခြင်း မပြုရ—

(က) မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါး၊

(ခ) မှတ်ပုံတင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်ထားသော တိုင်းရင်းဆေးဝါး၊

(ဂ) ပျက်စီးတိုင်းရင်းဆေးဝါး၊

(ဃ) သုံးစွဲရန်မသင့်ဟု ကျန်းမာရေးဝန်ကြီးဌာနက အမိန့် ကြော်ငြာစာဖြင့် ထုတ်ပြန်၍ သတ်မှတ်ထားသော တိုင်းရင်းဆေးဝါး။

၂၉။ မည်သူမျှလိုင်စင်မရှိဘဲ တိုင်းရင်းဆေးဝါးကိုထုတ်လုပ်ခြင်းမပြုရ။

၃၀။ လိုင်စင်ရရှိသူသည်—

(က) လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ၊

(ခ) ဤဥပဒေအရ ကျန်းမာရေးဝန်ကြီးဌာနက ဖြစ်စေ၊ အာဏာပိုင်အဖွဲ့ကဖြစ်စေ၊ တိုင်းရင်းဆေးပညာ ဦးစီးဌာနကဖြစ်စေ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ခြင်း မရှိစေရ။

## အခန်း (၈)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၁။ မည်သူမဆို ပုဒ်မ ၂၇ သို့မဟုတ် ပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။ ထို့ပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

၃၂။ မည်သူမဆို ပုဒ်မ ၂၉ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်—

(က) မှတ်ပုံတင်ထားခြင်း မရှိသော တိုင်းရင်းဆေးဝါးနှင့် သက်ဆိုင်သည့်ပြစ်မှုဖြစ်ပါက ထိုသူအား ငွေဒဏ် ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ခ) မှတ်ပုံတင်ထားသော တိုင်းရင်းဆေးဝါးနှင့် သက်ဆိုင်သည့် ပြစ်မှုဖြစ်ပါက ထိုသူအား ငွေဒဏ် ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၂ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ဂ) ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကိုသည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

၃၃။ လိုင်စင်ရရှိသူသည် ပုဒ်မ ၃၀ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၅၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

## အခန်း (၉)

### အထွေထွေ

၃၄။ ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ တိုင်းရင်းဆေးဝါးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၃၅။ ကျန်းမာရေးဝန်ကြီးဌာနသည် အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်စေခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၃၆။ ပြည်ပသို့တင်ပို့ရန် ခွင့်ပြုချက်ထုတ်ပေးပိုင်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းသည် ဤဥပဒေအရ မှတ်ပုံတင်ထားသော တိုင်းရင်းဆေးဝါးကိုသာ တင်ပို့ခွင့်ပြုနိုင်သည်။

၃၇။ ဤဥပဒေပြဋ္ဌာန်းသည့်နေ့တွင် တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်နေသူသည် အာဏာပိုင်အဖွဲ့ကသတ်မှတ်ပေးသည့် အချိန်ကာလအတွင်း မှတ်ပုံတင်ခြင်း၊ လိုင်စင်ရယူခြင်းတို့ကို ဆောင်ရွက်ရမည်။

၃၈။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ကျန်းမာရေးဝန်ကြီးဌာန သို့မဟုတ် ဤကိစ္စအလို့ငှာ လုပ်ပိုင်ခွင့်လွှဲအပ်ခြင်းခံရသည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၏ ကြိုတင်ခွင့်ပြုမိန့်ရယူရမည်။

၃၉။ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ ပြည်ပသို့တင်ပို့သည့် တိုင်းရင်းဆေးဝါးကို သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ဖမ်းဆီးရမိလျှင် အာဏာပိုင်အဖွဲ့က သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ လွှဲပြောင်းခြင်း၊ စီမံခန့်ခွဲခြင်း ပြုရမည်။

၄၀။ အာဏာပိုင်အဖွဲ့၏ ရုံးလုပ်ငန်းများကို တိုင်းရင်းဆေးပညာဦးစီးဌာနက ဆောင်ရွက်ပေးရမည်။

၄၁။ ကျန်းမာရေးဝန်ကြီးဌာနသည် တိုင်းရင်းဆေးဝါး စစ်ဆေးရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် မိမိလက်အောက်ရှိ ဝန်ထမ်းများကို တိုင်းရင်းဆေးဝါး စစ်ဆေးရေးမှူးများအဖြစ် တာဝန်ပေးအပ်ရမည်။ ထို့ပြင် အခြားဝန်ကြီးဌာနများနှင့်ညှိနှိုင်းလျက် သင့်လျော်သည့်ဝန်ထမ်းများကိုလည်း တိုင်းရင်းဆေးဝါး စစ်ဆေးရေးမှူးများအဖြစ် တာဝန်ပေးအပ်နိုင်သည်။

၄၂။ ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေအရ ထုတ်ပြန်ခဲ့သော တိုင်းရင်းဆေးဝါးနှင့်စပ်လျဉ်းသည့် အမိန့်၊ ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၄၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်—

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ကျန်းမာရေးဝန်ကြီးဌာန၊ အာဏာပိုင်အဖွဲ့ သို့မဟုတ် တိုင်းရင်းဆေးပညာဦးစီးဌာနသည် လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ

( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၈/၉၆)

၁၃၅၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်

(၁၉၉၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤဥပဒေကို ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) ရုပ်မြင်သံကြား ဖမ်းစက် ဆိုသည်မှာ ရုပ်မြင်သံကြား ထုတ်လွှင့်ချက်ကို ဖမ်းယူနိုင်သောစက်ကို ဆိုသည်၊

(ခ) ဗီဒီယို ဆိုသည်မှာ ရုပ်မြင်သံကြားဆိုင်ရာ နည်းပညာ တစ်ရပ်ရပ်ဖြင့် ရုပ်ငြိမ်ကိုဖြစ်စေ၊ ရုပ်ပုံလှုပ်ရှားခြင်းကို ဖြစ်စေ၊ ရုပ်ပုံနှင့် အသံကိုဖြစ်စေ ထွက်ပေါ်စေခြင်းကို ဆိုသည်၊

(ဂ) ဗီဒီယိုဖွင့်စက် ဆိုသည်မှာ ဗီဒီယို ထွက်ပေါ်စေရန် ဖွင့်နိုင်သောစက်ကို ဆိုသည်၊

(ဃ) ဗီဒီယိုတိပ်ခွေ ဆိုသည်မှာ ရုပ်ပုံနှင့်အသံကို ရိုက်ကူး ထည့်သွင်းထားသောတိပ်ခွေ၊ လေဆာပြား သို့မဟုတ် အလားတူပစ္စည်းကိရိယာကိုဆိုသည်။ ယင်းစကားရပ်တွင် ဗီဒီယို ရိုက်ကူးချက်နှင့် ဗီဒီယို ကူးယူချက်များလည်း ပါဝင်သည်၊

(င) လက်ဝယ်ထားရှိခွင့်လိုင်စင် ဆိုသည်မှာ ရုပ်မြင်သံကြား ဖမ်းစက်ကိုဖြစ်စေ၊ ဗီဒီယိုဖွင့်စက်ကိုဖြစ်စေ အသုံးပြုရန် ဤဥပဒေအရထုတ်ပေးသည့် လက်ဝယ်ထားရှိခွင့် လိုင်စင်ကို ဆိုသည်၊

(စ) ဗီဒီယိုလုပ်ငန်းလိုင်စင် ဆိုသည်မှာ ဤဥပဒေအရ ဗီဒီယို လုပ်ငန်း အမျိုးအစားတစ်ခုခုအတွက် ထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ဗီဒီယိုလုပ်ငန်း အဆင့်အတန်း ခေတ်မီ တိုးတက်မြင့်မား လာစေရန်၊

(ခ) နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို လည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရေးကို လည်းကောင်း အကျိုးပြုစေမည့် ဗီဒီယို တိပ်ခွေများ ပေါ်ထွန်းလာစေရန်၊

(ဂ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးကို အထောက်အကူ ဖြစ်စေမည့် ဗီဒီယိုတိပ်ခွေများ ပေါ်ထွန်းလာစေရန်၊

(ဃ) မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့ဓလေ့စရိုက်ကို ပျက်ပြားစေမည့် သရုပ်ပျက် ဗီဒီယိုတိပ်ခွေများကို တားမြစ်ပိတ်ပင်ရန်၊

(င) ဗီဒီယိုလုပ်ငန်းကိုအကြောင်းပြု၍ ပေါ်ပေါက်လာသည့် မသမာမှုများကို ထိန်းသိမ်းတားဆီးရန်။

## အခန်း (၃)

## လက်ဝယ်ထားရှိခွင့်လိုင်စင်

၄။ ချပ်မြင်သံကြားဖမ်းစက်ကို ဖြစ်စေ၊ ဗီဒီယိုဖွင့်စက်ကို ဖြစ်စေ လက်ဝယ်ထားရှိအသုံးပြုသူသည် ယင်းစက်ကိုရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လက်ဝယ်ထားရှိခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာစာတိုက်သို့ လျှောက်ထားရမည်။

၅။ (က) လျှောက်ထားသူသည် အောက်ပါ အခကြေးငွေများအနက် ပေးဆောင်ရန်ရှိသောအခကြေးငွေကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာစာတိုက်သို့ ပေးဆောင်ရမည်—

(၁) လက်ဝယ်ထားရှိခွင့်လိုင်စင်ခ၊
(၂) ရက်လွန်ကြေး၊
(၃) သက်တမ်းတိုးမြှင့်ခ။

(ခ) သက်ဆိုင်ရာစာတိုက်သည် သတ်မှတ်ထားသော အခကြေးငွေကို လက်ခံရရှိလျှင် လျှောက်ထားသူအား လက်ဝယ်ထားရှိခွင့် လိုင်စင် ထုတ်ပေးရမည်။

၆။ လက်ဝယ်ထားရှိခွင့်လိုင်စင် သက်တမ်းကုန်ဆုံးသဖြင့် သက်တမ်းတိုးမြှင့်လိုသူသည် သတ်မှတ်ထားသော အခကြေးငွေကို သက်ဆိုင်ရာ စာတိုက်တွင် ပေးဆောင်ပြီး သက်တမ်းတိုးမြှင့်ရမည်။

၇။ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနသည် လက်ဝယ်ထားရှိခွင့် လိုင်စင်သက်တမ်း၊ လက်ဝယ်ထားရှိခွင့်လိုင်စင်ခ၊ ရက်လွန်ကြေးနှင့် သက်တမ်းတိုးမြှင့်ခတို့ကို သတ်မှတ်ရမည်။

၈။ ဂြိုဟ်တု ရုပ်မြင်သံကြား ဖမ်းစက် လက်ဝယ်ထားရှိလိုသူသည် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနက ဂြိုဟ်တု ရုပ်မြင်သံကြားဖမ်းစက်များ ပြည်ပမှတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ လိုင်စင်ထုတ်ပေးခြင်း၊ လိုင်စင်ခနှင့် လိုင်စင်စည်းကမ်းများ သတ်မှတ်ခြင်းတို့နှင့် စပ်လျဉ်း၍ အခါအားလျော်စွာ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၄)

## ဗီဒီယိုလုပ်ငန်းလိုင်စင်

၉။ အောက်ဖော်ပြပါ ဗီဒီယိုလုပ်ငန်းတစ်ခုခုကို စီးပွားရေးအလို့ငှာ လုပ်ကိုင်လိုသူသည် လုပ်ငန်းအမျိုးအစား တစ်ခုခြင်းအတွက် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာပြည်နယ်၊ တိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ကော်မတီသို့ လျှောက်ထားရမည် —

(က) ဗီဒီယိုထုတ်လုပ်ခြင်း၊
(ခ) ဗီဒီယိုရိုက်ကူးခြင်း၊
(ဂ) ဗီဒီယိုတည်းဖြတ်ခြင်း၊
(ဃ) ဗီဒီယိုတိပ်ခွေကူးယူခြင်း၊
(င) ဗီဒီယိုတိပ်ခွေဖြန့်ချိခြင်း၊
(စ) ဗီဒီယိုတိပ်ခွေငှားရမ်းခြင်း၊
(ဆ) ဗီဒီယိုပြသခြင်း။

၁၀။ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ကော်မတီသည် လျှောက်ထားချက်ကိုသတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီးနောက်—

(က) ညီညွတ်ပါက သတ်မှတ်ထားသောအခကြေးငွေလက်ခံရရှိလျှင် လျှောက်ထားသူအား သက်ဆိုင်ရာ ဗီဒီယိုလုပ်ငန်း လိုင်စင်ကို ထုတ်ပေးရမည်၊

(ခ) မညီညွတ်ပါက ဗီဒီယိုလုပ်ငန်း လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ရမည်။

၁၁။ ဗီဒီယိုလုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးသဖြင့် သက်တမ်း တိုးမြှင့်လိုသူသည် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာပြည်နယ်၊ တိုင်းဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားရမည်၊

၁၂။ သက်ဆိုင်ရာပြည်နယ်၊ တိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ကော်မတီသည် လျှောက်ထားချက်ကို စိစစ်၍ သတ်မှတ်ထားသော အခ ကြေးငွေပေးဆောင်စေပြီး ဗီဒီယိုလုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့် ပေးနိုင်သည်။

၁၃။ ပြန်ကြားရေးဝန်ကြီးဌာနသည် ဗီဒီယိုလုပ်ငန်းလိုင်စင် သက်တမ်း၊ ဗီဒီယိုလုပ်ငန်းလိုင်စင်ခ၊ ရက်လွန်ကြေးနှင့် သက်တမ်း တိုးမြှင့်ခတို့ကို သတ်မှတ်ရမည်။

၁၄။ မြန်မာ့ရုပ်ရှင်လုပ်ငန်းသည် ဗီဒီယိုလုပ်ငန်းလိုင်စင်ရရှိသူ လိုက်နာ ရမည့် စည်းကမ်းချက်များကို သတ်မှတ်ရမည်။

၁၅။ ဗီဒီယိုလုပ်ငန်း လိုင်စင်သက်တမ်း ကုန်ဆုံးလျှင်ဖြစ်စေ၊ ရုပ်သိမ်း ခြင်း ခံရလျှင်ဖြစ်စေ၊ဗီဒီယိုလုပ်ငန်းလိုင်စင်ရရှိသူက ပြန်လည်အပ်နှံလျှင် ဖြစ်စေ လုပ်ငန်းလိုင်စင်ပျက်ပြယ်သည်။

## အခန်း (၅)

## ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၆။ ပြန်ကြားရေးဝန်ကြီးဌာနသည်—

(က) အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းရမည်—

(၁) ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရုပ်ရှင်လုပ်ငန်း — ဥက္ကဋ္ဌ

(၂) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၃) သင့်လျော်သော နိုင်ငံသားများ — အဖွဲ့ဝင်များ

(၄) ညွှန်ကြားရေးမှူး မြန်မာ့ရုပ်ရှင်လုပ်ငန်း — အတွင်းရေးမှူး

(ခ) ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီ၏ သက်တမ်းကို သတ်မှတ်နိုင်သည်၊

(ဂ) ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၇။ အစိုးရဝန်ထမ်း မဟုတ်သော ဗီဒီယိုလုပ်ငန်း စိစစ် ကြီးကြပ်ရေး ဗဟိုကော်မတီဝင်သည် ပြန်ကြားရေး ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၁၈။ ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များ အောင်မြင်စေရန် ဗီဒီယိုလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ပြည်နယ်၊ တိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ဂ) ပြည်နယ်၊ တိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် ဥပဒေနှင့် ညီညွတ်ခြင်း မရှိကြောင်း စိစစ်တွေ့ရှိပါက လိုအပ်သလို အရေးယူ ဆောင်ရွက်ခြင်း၊

(ဃ) ပြည်နယ်၊ တိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ရန် လုပ်ငန်း တာဝန်များကို အခါအားလျော်စွာ ပေးအပ်ခြင်း။

## အခန်း (၆)

## ပြည်နယ်၊ တိုင်း ဗီဒီယို လုပ်ငန်း စိစစ် ကြီးကြပ်ရေး ကော်မတီ ဖွဲ့စည်းခြင်းနှင့် တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၉။ ပြန်ကြားရေး ဝန်ကြီးဌာနသည်—

(က) သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များဖြင့် ပြည်နယ်၊ တိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းရမည်။ ယင်းသို့ ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို သတ်မှတ်ရမည်၊

(ခ) ပြည်နယ်၊ တိုင်း ဗီဒီယို လုပ်ငန်း စိစစ် ကြီးကြပ်ရေး ကော်မတီ၏ သက်တမ်းကို သတ်မှတ်နိုင်သည်၊

(ဂ) ပြည်နယ်၊ တိုင်း ဗီဒီယိုလုပ်ငန်း စိစစ် ကြီးကြပ်ရေး ကော်မတီကို လိုအပ်သလို ပြင်ဆင် ဖွဲ့စည်းနိုင်သည်၊

(ဃ) ပြည်နယ်၊ တိုင်း တစ်ခုအတွင်း ဗီဒီယို လုပ်ငန်း စိစစ် ကြီးကြပ်ရေး ကော်မတီ တစ်ရပ်ထက်ပို၍ ဖွဲ့စည်းရန် လိုအပ်ပါက ဖွဲ့စည်းနိုင်သည်။

၂၀။ ပြည်နယ်၊ တိုင်း ဗီဒီယို လုပ်ငန်း စိစစ် ကြီးကြပ်ရေး ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) ဗီဒီယိုလုပ်ငန်းလိုင်စင် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်၍ ဗီဒီယို လုပ်ငန်း လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ခ) ဗီဒီယိုလုပ်ငန်းကို စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဂ) မြန်မာ့ ရုပ်ရှင်လုပ်ငန်းက သတ်မှတ်ထားသည့် ဗီဒီယို လုပ်ငန်း လိုင်စင် စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်သော ဗီဒီယို လုပ်ငန်း လိုင်စင် ရရှိသူအား ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ ချမှတ်ခြင်းအပြင် ဗီဒီယို လုပ်ငန်း လိုင်စင်ကိုလည်း ရုပ်သိမ်းနိုင်ခြင်း၊

(ဃ) ပြန်ကြားရေး ဝန်ကြီးဌာနကဖြစ်စေ၊ ဗီဒီယို လုပ်ငန်း စိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီကဖြစ်စေ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

၂၁။ ပြည်နယ်၊ တိုင်းဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ကော်မတီသည် ခရိုင် သို့မဟုတ် မြို့နယ် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ကော်မတီကို လိုအပ်ပါက သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းနိုင်သည်။ ထိုသို့ဖွဲ့စည်းရာတွင် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ရမည်။

## အခန်း (၇)

## ဗီဒီယိုဆင်ဆာအဖွဲ့ ဖွဲ့စည်းခြင်းနှင့် တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၂။ ပြန်ကြားရေး ဝန်ကြီးဌာနသည်—

(က) အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်သော ဗီဒီယို ဆင်ဆာ အဖွဲ့ကို ဖွဲ့စည်းရမည်—

| | | |
|---|---|---|
| (၁) | ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ ရုပ်ရှင်လုပ်ငန်း | ဥက္ကဋ္ဌ |
| (၂) | သက် ဆိုင် ရာ အ စိုး ရ ဌာ န၊ အဖွဲ့အစည်းများမှ ကိုယ်စား လှယ်များ | အဖွဲ့ဝင်များ |
| (၃) | သင့်လျော်သော နိုင်ငံသား များ | အဖွဲ့ဝင်များ |
| (၄) | ညွှန်ကြားရေးမှူး မြန်မာ့ရုပ်ရှင်လုပ်ငန်း | အတွင်းရေးမှူး |

(ခ) ဗီဒီယိုဆင်ဆာအဖွဲ့၏ သက်တမ်းကို သတ်မှတ်နိုင်သည်၊

(ဂ) ဗီ ဒီ ယို ဆင် ဆာ အ ဖွဲ့ ကို လို အပ် သ လို ပြင် ဆင် ဖွဲ့စည်းနိုင်သည်။

၂၃။ အစိုးရဝန်ထမ်း မဟုတ်သော ဗီဒီယို ဆင်ဆာအဖွဲ့ဝင်သည် ပြန်ကြားရေးဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့် ရှိသည်။

၂၄။ ဗီဒီယိုဆင်ဆာအဖွဲ့သည် ရိုက်ကူးတင်ပြလာသော မြန်မာဗီဒီယို တိပ်ခွေများကိုလည်းကောင်း၊ ပြည်ပမှတင်သွင်းလာသော သို့မဟုတ် ယူဆောင်လာသော ဗီဒီယိုတိပ်ခွေများကိုလည်းကောင်း ဗီဒီယိုဆင်ဆာ

လက်မှတ် လျှောက်ထားလာသည့်အခါ ယင်းဗီဒီယိုတိပ်ခွေကို ချမှတ်ထားသော မူဝါဒနှင့် ညီညွတ်ခြင်းရှိ မရှိ ကြည့်ရှုစစ်ဆေးပြီးနောက်—

(က) အများပြည်သူအား ပြသရန်ဖြစ်စေ၊ မိသားစုကြည့်ရှုရန်ဖြစ်စေ ခွင့်ပြုနိုင်သည်၊

(ခ) ဗီဒီယိုတိပ်ခွေကို အများပြည်သူအား ပြသခွင့် မပြုဘဲ ပိတ်ပင်နိုင်သည်။ ယင်းဗီဒီယိုတိပ်ခွေကို သိမ်းဆည်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်း ပြုနိုင်သည်၊

(ဂ) အများပြည်သူအား ပြသရန် သို့မဟုတ် မိသားစုကြည့်ရှုရန် မသင့်သော ဗီဒီယိုတိပ်ခွေတွင် ပါရှိသည့် အစိတ်အပိုင်းကိုဖြတ်တောက်ခြင်း၊ ပြုပြင်ခြင်း၊ ဖျက်ခြင်း ပြုလုပ်စေ၍ ပြသရန် သို့မဟုတ် ကြည့်ရှုရန်ခွင့်ပြုနိုင်သည်၊

(ဃ) ဗီဒီယိုတိပ်ခွေကို အများပြည်သူအားပြသရန် သို့မဟုတ် မိသားစု ကြည့်ရှုရန် ခွင့်ပြုလျှင် သတ်မှတ်ထားသော အခကြေးငွေကို ပေးဆောင်စေ၍ ဗီဒီယို ဆင်ဆာ လက်မှတ် ထုတ်ပေးရမည်။

၂၅။ (က) ဗီဒီယိုဆင်ဆာအဖွဲ့က ထုတ်ပေးသည့် ဗီဒီယို ဆင်ဆာ လက်မှတ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သတ်မှတ်သည့် ကာလအပိုင်းအခြားအတွက် အတည်ဖြစ်စေရမည်၊

(ခ) ဗီဒီယို ဆင်ဆာအဖွဲ့က ထုတ်ပေးသည့် ဗီဒီယိုဆင်ဆာ လက်မှတ်ကို ဗီဒီယိုတိပ်ခွေတွင် ထည့်သွင်းပြသရမည်။ ထို့ပြင် ဗီဒီယိုဆင်ဆာအဖွဲ့က ထုတ်ပေးသည့် ခွင့်ပြု အမှတ်စဉ် ပါရှိသော ဗီဒီယိုဆင်ဆာလက်မှတ် အသေး ကိုလည်း ဗီဒီယိုတိပ်ခွေတွင် ကပ်ထားရမည်။

၂၆။ ဗီဒီယိုဆင်ဆာအဖွဲ့သည်—

(က) ဗီဒီယိုတိပ်ခွေ ကြည့်ရှု စစ်ဆေးခြင်းအတွက် သတ်မှတ်ထားသော အခကြေးငွေကို သက်ဆိုင်သူထံမှ ကောက်ခံရယူရမည်၊

(ခ) ဗီဒီယို ဆင်ဆာလက်မှတ် ထုတ်ပေးထားသော ဗီဒီယိုတိပ်ခွေကို လိုအပ်လျှင် ထပ်မံကြည့်ရှု စစ်ဆေးနိုင်သည်၊

(ဂ) ခိုင်လုံသောအကြောင်းရှိလျှင် မည်သည့် ဗီဒီယိုဆင်ဆာလက်မှတ်ကိုမဆို ရုပ်သိမ်းနိုင်သည်။

၂၇။ ဗီဒီယို ဆင်ဆာအဖွဲ့သည် ပုဒ်မ ၂၄ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မခွဲ (ဂ) အရ မိမိချမှတ်သော ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ မကျေနပ်သူက ပြန်ကြားရေးဝန်ကြီးဌာနသို့ အယူခံဝင်လျှင် အယူခံတွင် ချမှတ်သော အမိန့်အတိုင်း ဆောင်ရွက်စေရမည်။ အယူခံမဝင်ပါက အယူခံကာလကုန်ဆုံးသောအခါ မိမိ၏ ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်စေရမည်။

## အခန်း (ဂ)

## အယူခံခြင်း

၂၈။ ဗီဒီယိုဆင်ဆာအဖွဲ့၊ ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီ သို့မဟုတ် ပြည်နယ်၊ တိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ကော်မတီ၏ အမိန့်ကိုဖြစ်စေ၊ ဆုံးဖြတ်ချက်ကိုဖြစ်စေ မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြန်ကြားရေးဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၂၉။ ပြန်ကြားရေး ဝန်ကြီးဌာနသည် ဗီဒီယိုဆင်ဆာအဖွဲ့၊ ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီ သို့မဟုတ် ပြည်နယ်၊ တိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ကော်မတီ၏ အမိန့်ကို ဖြစ်စေ၊ ဆုံးဖြတ်ချက်ကို ဖြစ်စေ အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း၊ ပြန်လည်စိစစ်စေရန် သို့မဟုတ် စစ်ဆေးစေရန် ညွှန်ကြားခြင်း ပြုနိုင်သည်။

၃၀။ ပြန်ကြားရေးဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၉)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၁။ မည်သူမဆို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှအပ ရုပ်မြင်သံကြား ထုတ်လွှင့်ခြင်းလုပ်ငန်းကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ လုပ်ကိုင်လျှင် ထိုသူကို ထောင်ဒဏ် ၅ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၃၂။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ် အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်—

(က) ဗီဒီယိုလုပ်ငန်းလိုင်စင်မရှိဘဲ စီးပွားရေးအလို့ငှာ ဗီဒီယိုလုပ်ငန်းကို လုပ်ကိုင်ခြင်း၊

(ခ) ဤဥပဒေအရ ကင်းလွတ်ခွင့်ပြုသော ကိစ္စရပ်မှအပ ဗီဒီယိုဆင်ဆာလက်မှတ်နှင့် ခွင့်ပြုအမှတ်စဉ်ပါရှိသော ဗီဒီယိုဆင်ဆာလက်မှတ်အသေး မပါရှိသည့် ဗီဒီယိုတိပ်ခွေကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း၊

(ဂ) ဗီဒီယိုဆင်ဆာအဖွဲ့က ဖြတ်တောက်ရန်၊ ပြုပြင်ရန် သို့မဟုတ် ဖျက်ရန် ညွှန်ကြားချက်ကို လိုက်နာခြင်းမပြုဘဲ ဗီဒီယိုတိပ်ခွေကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း၊

(ဃ) ပြည်ပမှတင်သွင်းလာသော သို့မဟုတ် ယူဆောင်လာသော ဗီဒီယိုတိပ်ခွေကို ဗီဒီယိုဆင်ဆာလက်မှတ်မရှိဘဲ အများပြည်သူအား ပြသခြင်း၊

(င) မိသားစုကြည့်ရှုရန်သာ ခွင့်ပြုသည့် ပြည်ပမှ တင်သွင်းလာသော သို့မဟုတ် ယူဆောင်လာသော ဗီဒီယိုတိပ်ခွေကို အများပြည်သူအား ပြသခြင်း။

၃၃။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်—

(က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက ထုတ်လွှင့်သော ရုပ်မြင်သံကြား အစီအစဉ်ကို စီးပွားရေးအလို့ငှာ ကူးယူ၍ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း၊

(ခ) ဗီဒီယိုထုတ်လုပ်ခြင်း သို့မဟုတ် ဗီဒီယိုတိပ်ခွေ ဖြန့်ချိခြင်း လုပ်ငန်း လိုင်စင်ရရှိသူ၏ ခွင့်ပြုချက်မရရှိဘဲ ဗီဒီယိုဆင်ဆာလက်မှတ်ရရှိပြီးသော ဗီဒီယိုတိပ်ခွေကို စီးပွားရေးအလို့ငှာ ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း။

၃၄။ မည်သည့် ဗီဒီယိုလုပ်ငန်းလိုင်စင်ရရှိသူမဆို မိမိရရှိထားသော ဗီဒီယိုလုပ်ငန်းလိုင်စင် အမျိုးအစားမှအပ အခြားဗီဒီယိုလုပ်ငန်း အမျိုးအစားကို လုပ်ကိုင်လျှင် ထိုသူကို ထောင်ဒဏ် ၁ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ဖြစ်မှုနှင့်တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၃၅။ မည်သည့် ဗီဒီယိုလုပ်ငန်းလိုင်စင် ရရှိသူမဆို မိမိရရှိထားသော ဗီဒီယိုလုပ်ငန်းလိုင်စင်ကို အခြားသူတစ်ဦးဦးအား လွှဲပြောင်း လုပ်ကိုင်စေလျှင် ထိုသူကို ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၆။ မည်သူမဆို ဤဥပဒေအရ ပြန်ကြားရေးဝန်ကြီးဌာနကဖြစ်စေ၊ ဗီဒီယိုဆင်ဆာအဖွဲ့ကဖြစ်စေ၊ ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီကဖြစ်စေ ထုတ်ပြန်ထားသောအမိန့် သို့မဟုတ် ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀၀၀၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၀)

### အထွေထွေ

၃၇။ (က) နိုင်ငံခြားသံတမန်အဖွဲ့အစည်းကဖြစ်စေ၊ ကုလသမဂ္ဂအဖွဲ့အစည်းကဖြစ်စေ ပြည်ပမှတင်သွင်းလာသော ဗီဒီယိုတိပ်ခွေကို အများပြည်သူအား ပြသလိုပါက စိစစ်ကြည့်ရှုရန် ဗီဒီယိုဆင်ဆာအဖွဲ့သို့ တင်ပြရမည်။

(ခ) ဗီဒီယိုဆင်ဆာအဖွဲ့သည် ဗီဒီယိုတိပ်ခွေကို ကြည့်ရှုစစ်ဆေးပြီးနောက်—

(၁) အများပြည်သူအား ပြသရန်သင့်ပါက အများပြည်သူအား ပြသခွင့်ပြုနိုင်သည်၊

(၂) အများပြည်သူအား ပြသရန်မသင့်သော အစိတ်အပိုင်းကို ဖြတ်တောက်ခြင်း၊ ဖျက်ခြင်းပြုလုပ်စေ၍ အများပြည်သူအား ပြသခွင့်ပြုနိုင်သည်၊

(၃) သက်ဆိုင်ရာ နိုင်ငံခြားသံတမန် အဖွဲ့အစည်း၏ ဥပစာအတွင်း၌ဖြစ်စေ၊ ကုလသမဂ္ဂအဖွဲ့အစည်း၏ ဥပစာအတွင်း၌ဖြစ်စေ သီးသန့် ပရိသတ်ကိုသာ ပြသခွင့်ပြုနိုင်သည်။

၃၈။ ဗီဒီယိုဆင်ဆာအဖွဲ့သည်—

(က) အကောက်ခွန် ဦးစီးဌာနက စစ်ဆေးရန် ပေးပို့သည့် ပြည်ပမှတင်သွင်းလာသော သို့မဟုတ် ယူဆောင်လာသော ဗီဒီယိုတိပ်ခွေကို ကြည့်ရှုစစ်ဆေးပြီး အများပြည်သူအား ပြသရန် သင့် မသင့် သို့မဟုတ် မိသားစု ကြည့်ရှုရန် သင့် မသင့် အဆုံးအဖြတ်ပေးနိုင်သည်၊

(ခ) ပြည်ပသို့ ပေးပို့မည့် သို့မဟုတ် ယယ်ဆောင်သွားမည့် ဗီဒီယိုတိပ်ခွေနှင့်စပ်လျဉ်း၍ ခွင့်ပြုရန်သင့် မသင့် သဘောထား မှတ်ချက်ပေးနိုင်သည်၊

(ဂ) ပြည်ပသို့ စီးပွားရေးအလို့ငှာ တင်ပို့မည့် ဗီဒီယိုတိပ်ခွေတွင် အများပြည်သူအား ပြသရန် မသင့်သော အစိတ်အပိုင်းကို ဖြတ်တောက်ခြင်း၊ ပြုပြင်ခြင်း၊ ဖျက်ခြင်း ပြုနိုင်သည်။

၃၉။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက အသုံးပြုသော ဗီဒီယိုတိပ်ခွေသည် ဤဥပဒေအရ ဗီဒီယိုတိပ်ခွေကြည့်ရှုစစ်ဆေးခြင်းအတွက် အခကြေးငွေပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရှိစေရမည်။

၄၀။ ပြန်ကြားရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အစိုးရဌာန၊ အဖွဲ့အစည်းများအား ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်မှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၄၁။ ဤဥပဒေပုဒ်မ ၃၄၊ ပုဒ်မ ၃၅ နှင့် ပုဒ်မ ၃၆ ပါ ပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် အောက်ပါကိစ္စရပ်များနှင့် မသက်ဆိုင်စေရ—

(က) မိသားစုနှင့်စပ်လျဉ်းသော ဗီဒီယိုရိုက်ကူးခြင်း၊ ယင်းရိုက်ကူးချက်ပါရှိသော ဗီဒီယိုတိပ်ခွေကို အခကြေးငွေမယူဘဲ ငှားရမ်းခြင်းနှင့် ပြသခြင်း၊

(ခ) ရုပ်ရှင်ဆင်ဆာလက်မှတ်ရရှိထားသော ရုပ်ရှင်ကားမှ အခကြေးငွေမယူဘဲပြသရန်အလို့ငှာဗီဒီယိုတိပ်ခွေကူးယူခြင်း။

၄၃။ ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးဗဟိုကော်မတီနှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့၏—

(က) ရုံးလုပ်ငန်းများကို မြန်မာ့ရုပ်ရှင်လုပ်ငန်းက ဆောင်ရွက်ပေးရမည်၊

(ခ) အသုံးစရိတ်များကို မြန်မာ့ရုပ်ရှင်လုပ်ငန်းက ကျခံရမည်။

၄၄။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ (၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ၁၂) အရ—

(က) ထုတ်ပြန်ခဲ့သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်၊

(ခ) လက်ရှိဖွဲ့စည်းထားသည့် ဆင်ဆာအဖွဲ့နှင့် ကော်မတီတို့သည် ဤဥပဒေအရ ဗီဒီယိုဆင်ဆာအဖွဲ့နှင့် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ကော်မတီများ ဖွဲ့စည်းခြင်းမပြုနိုင်မီ ဤဥပဒေအရ ဖွဲ့စည်းသည်ဟု မှတ်ယူရမည်၊

(ဂ) ထုတ်ပေးထားသည့် သက်တမ်း မကုန်ဆုံးသေးသော လိုင်စင်လက်မှတ်နှင့် လုပ်ငန်းရှင်မှတ်ပုံတင်တို့သည် သက်တမ်းကုန်ဆုံးသည့်နေ့အထိ အတည်ဖြစ်သည်ဟု မှတ်ယူရမည်။

၄၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်—

(က) ပြန်ကြားရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ဗီဒီယိုဆင်ဆာအဖွဲ့ သို့မဟုတ် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးဗဟိုကော်မတီသည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်၊

(ဂ) ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနသည် အခန်း (၃) နှင့် စပ်လျဉ်း၍ လိုအပ်သော အမိန့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၄၆။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ (၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ၁၂) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# ရုပ်ရှင်ဥပဒေ

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## ရုပ်ရှင်ဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေ အမှတ် ၉/၉၆)

၁၃၅၈ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်

(၁၉၉၆ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ရုပ်ရှင်ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) ရုပ်ရှင် ဆိုသည်မှာ ရုပ်ရှင်နည်းပညာ တစ်ရပ်ရပ်ဖြင့် ရုပ်ငြိမ်ကိုဖြစ်စေ၊ ရုပ်ပုံလှုပ်ရှားခြင်းကိုဖြစ်စေ၊ ရုပ်ပုံနှင့် အသံကိုဖြစ်စေ ထွက်ပေါ်စေခြင်းနှင့် ထိုကဲ့သို့ထွက်ပေါ် စေရန်အတွက်အသုံးပြုသော စက်နှင့်ကိရိယာကိုဆိုသည်၊

(ခ) ရုပ်ရှင်ကား ဆိုသည်မှာ ရုပ်ရှင်အဖြစ် ရိုက်ကူး ထုတ်လုပ်သော ဇာတ်လမ်းကား၊ မှတ်တမ်းတင်ကား၊ မော်ကွန်းတင်ကား၊ သတင်းကား၊ ဖျော်ဖြေရေးကား သို့မဟုတ် ပညာပေးကားကိုဆိုသည်၊

(ဂ) ရုပ်ရှင်ဆင်ဆာလက်မှတ် ဆိုသည်မှာ ဤဥပဒေအရ ရုပ်ရှင်ဆင်ဆာအဖွဲ့က ထုတ်ပေးသည့် အများပြည်သူအား ရုပ်ရှင်ကားပြသခွင့်ပြုသည့် လက်မှတ်ကိုဆိုသည်၊

(ဃ) ရုပ်ရှင်လုပ်ငန်းလိုင်စင် ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပေးသည့် ရုပ်ရှင်လုပ်ငန်း အမျိုးအစားတစ်ခုခုကို လုပ်ကိုင်ခွင့်ပြုသည့် လိုင်စင်ကိုဆိုသည်၊

(င) ရုပ်ရှင်ရုံ ဆိုရာတွင် ရုပ်ရှင်ပြသသည့် အဆောက်အအုံ၊ အိမ်နှင့် အခြားနေရာတို့လည်းပါဝင်သည်၊

(စ) ရုပ်ရှင်ရုံလိုင်စင် ဆိုသည်မှာ ရုပ်ရှင်ရုံအတွက် ထုတ်ပေးသည့် လိုင်စင်ကိုဆိုသည်၊

(ဆ) အကဲဖြတ်အဖွဲ့ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့ကိုဆိုသည်၊

(ဇ) မြန်မာ့ရုပ်ရှင်လုပ်ငန်း ဆိုသည်မှာ ပြန်ကြားရေးဝန်ကြီးဌာန အုပ်ချုပ်မှုအောက်ရှိ မြန်မာ့ ရုပ်ရှင်လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် မြန်မာ့ရုပ်ရှင်လုပ်ငန်းက ဤဥပဒေပါ ကိစ္စအလို့ငှာ လုပ်ပိုင်ခွင့် လွှဲအပ်ခြင်းခံရသူလည်း ပါဝင်သည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) မြန်မာ့ရုပ်ရှင်လုပ်ငန်း အဆင့်အတန်း ခေတ်မီတိုးတက်မြင့်မားလာစေရန်၊

(ခ) နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို လည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရေးကို လည်းကောင်း အကျိုးပြုစေမည့် မြန်မာရုပ်ရှင်ကားများ ပေါ်ထွန်းလာစေရန်၊

(ဂ) တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးကို အထောက်အကူ ဖြစ်စေမည့် မြန်မာရုပ်ရှင်ကားများ ပေါ်ထွန်းလာစေရန်၊

(ဃ) ထူးချွန်သည့် ရုပ်ရှင် အနုပညာရှင်များ၊ ရုပ်ရှင်ပညာသည်များ ပေါ်ပေါက်လာစေရေးကို အားပေးရန်၊

(င) မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့ဓလေ့စရိုက်ကို ပျက်ပြားစေမည့် သရုပ်ပျက်ရုပ်ရှင်ကားများကို တားမြစ်ပိတ်ပင်ရန်။

## အခန်း (၃)

## ရုပ်ရှင်လုပ်ငန်းလိုင်စင်

၄။ ရုပ်ရှင်လုပ်ငန်း လုပ်ကိုင်လိုသူသည် အောက်ပါလုပ်ငန်းအမျိုးအစားတစ်ခုချင်းအတွက် ရုပ်ရှင်လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ မြန်မာ့ရုပ်ရှင်လုပ်ငန်းသို့ လျှောက်ထားရမည်—

(က) ရုပ်ရှင်ကားထုတ်လုပ်ခြင်း၊

(ခ) ရုပ်ရှင်ကားရိုက်ကူးခြင်း၊

(ဂ) ရုပ်ရှင်ကား ကူးဆေးခြင်း၊

(ဃ) ရုပ်ရှင်ကား အသံသွင်းခြင်း၊

(င) ရုပ်ရှင်ကားတည်းဖြတ်ခြင်း၊

(စ) ရုပ်ရှင်ကား ဖြန့်ချိခြင်း၊

(ဆ) ရုပ်ရှင်ကား ပြည်ပမှ တင်သွင်းခြင်း၊

(ဇ) ရုပ်ရှင်ကား ပြည်ပသို့ တင်ပို့ခြင်း။

၅။ မြန်မာ့ရုပ်ရှင်လုပ်ငန်းသည် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်၍ ရုပ်ရှင်လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၆။ ပြန်ကြားရေးဝန်ကြီးဌာနသည် ရုပ်ရှင်လုပ်ငန်းလိုင်စင်သက်တမ်း၊ ရုပ်ရှင်လုပ်ငန်းလိုင်စင်ခ၊ ရက်လွန်ကြေးနှင့် သက်တမ်းတိုးမြှင့်ခ တို့ကို သတ်မှတ်ပေးရမည်။

၇။ (က) ရုပ်ရှင်လုပ်ငန်း လိုင်စင်သက်တမ်း ကုန်ဆုံးသဖြင့် သက်တမ်းတိုးမြှင့်လိုသူသည် သတ်မှတ်ချက်များနှင့်အညီ မြန်မာ့ရုပ်ရှင်လုပ်ငန်းသို့ လျှောက်ထားရမည်၊

(ခ) မြန်မာ့ရုပ်ရှင်လုပ်ငန်းသည် သတ်မှတ်ထားသော အခကြေးငွေကို ပေးဆောင်စေ၍ သက်တမ်းကို တိုးမြှင့်ပေးနိုင်သည်။

၈။ မြန်မာ့ရုပ်ရှင်လုပ်ငန်းသည်—

(က) ရုပ်ရှင်လုပ်ငန်းလိုင်စင်ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်ရမည်၊

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သော ရုပ်ရှင်လုပ်ငန်းလိုင်စင်ရရှိသူအား ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ ချမှတ်ရမည်။ ထို့ပြင် ရုပ်ရှင်လုပ်ငန်းလိုင်စင်ကိုလည်း ရုပ်သိမ်းနိုင်သည်။

၉။ ရုပ်ရှင်လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးလျှင်ဖြစ်စေ၊ ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ၊ ရုပ်ရှင်လုပ်ငန်းလိုင်စင်ရရှိသူက ပြန်လည်အပ်နှံလျှင်ဖြစ်စေ ရုပ်ရှင်လုပ်ငန်းလိုင်စင် ပျက်ပြယ်သည်။

## အခန်း (၄)

## ရုပ်ရှင်ဆင်ဆာအဖွဲ့

၁၀။ ပြန်ကြားရေးဝန်ကြီးဌာနသည်—

(က) အောက်ပါပုဂ္ဂိုလ်များပါဝင်သော ရုပ်ရှင်ဆင်ဆာအဖွဲ့ကို ဖွဲ့စည်းရမည်—

| | |
|---|---|
| (၁) ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရုပ်ရှင်လုပ်ငန်း | ဥက္ကဋ္ဌ |
| (၂) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |
| (၃) သင့်လျော်သည့် နိုင်ငံသားများ | အဖွဲ့ဝင်များ |
| (၄) ညွှန်ကြားရေးမှူး မြန်မာ့ရုပ်ရှင်လုပ်ငန်း | အတွင်းရေးမှူး |

(ခ) ရုပ်ရှင်ဆင်ဆာအဖွဲ့၏ သက်တမ်းကို သတ်မှတ်နိုင်သည်၊

(ဂ) ရုပ်ရှင် ဆင်ဆာအဖွဲ့ကို လိုအပ်သလို ပြင်ဆင် ဖွဲ့စည်းနိုင်သည်။

၁၁။ အစိုးရ ဝန်ထမ်းမဟုတ်သော ရုပ်ရှင်ဆင်ဆာ အဖွဲ့ဝင်သည် ပြန်ကြားရေးဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၁၂။ ရုပ်ရှင်ဆင်ဆာအဖွဲ့သည် ချမှတ်ထားသော မူဝါဒနှင့်အညီ—

(က) ရုပ်ရှင်ကား စတင်ရိုက်ကူးခြင်းမပြုမီ တင်ပြလာသော ဇာတ်လမ်းကို စိစစ်ရမည်၊

(ခ) ဇာတ်လမ်းကို ရုပ်ရှင်ရိုက်ကူးခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်၊

(ဂ) ဇာတ်လမ်းကို လိုအပ်သလို ပြင်ဆင်ရေးသား တင်ပြစေပြီး ရုပ်ရှင်ရိုက်ကူးခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၃။ ရုပ်ရှင်ဆင်ဆာအဖွဲ့သည် ရိုက်ကူးပြီး တင်ပြလာသော မြန်မာရုပ်ရှင်ကားများကိုလည်းကောင်း၊ ပြည်ပမှ တင်သွင်းလာသော ရုပ်ရှင်ကားများကို လည်းကောင်း ရုပ်ရှင်ဆင်ဆာလက်မှတ် လျှောက်ထားလာသည့်အခါ ယင်းရုပ်ရှင်ကားကို ချမှတ်ထားသော မူဝါဒနှင့် ညီညွတ်ခြင်း ရှိ မရှိ ကြည့်ရှုစစ်ဆေးပြီးနောက်—

(က) အများပြည်သူအား ဖြစ်စေ၊ သီးသန့် ပရိသတ်အား ဖြစ်စေ ပြသခွင့်ပြုနိုင်သည်၊

(ခ) မြန်မာ ရုပ်ရှင်ကားတွင် အများပြည်သူအား ပြသရန် မသင့်သော အစိတ်အပိုင်းကို ဖြတ်တောက်ခြင်း၊ ပြုပြင်ခြင်း ပြုလုပ်စေ၍ ပြသခွင့်ပြုနိုင်သည်။ ဖြတ်တောက်သည့် အစိတ်အပိုင်းကို သိမ်းဆည်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်း ပြုနိုင်သည်၊

(ဂ) ပြည်ပမှ တင်သွင်းလာသော ရုပ်ရှင်ကားတွင် အများပြည်သူအား ပြသရန် မသင့်သော အစိတ်အပိုင်းကို ဖြတ်တောက်၍ ပြသခွင့်ပြုနိုင်သည်။ ဖြတ်တောက်သည့် အစိတ်အပိုင်းကို သိမ်းဆည်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်း ပြုနိုင်သည်၊

(ဃ) မြန်မာ ရုပ်ရှင်ကားကို အများပြည်သူအား ပြသခွင့် မပြုဟု ပိတ်ပင်နိုင်သည်။ ယင်း ရုပ်ရှင်ကားကို သိမ်းဆည်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်းပြုနိုင်သည်၊

(င) ပြည်ပမှ တင်သွင်းလာသော ရုပ်ရှင်ကားကို အများ ပြည်သူအား ပြသခွင့် မပြုဟု ပိတ်ပင်နိုင်သည်။ ယင်း ရုပ်ရှင်ကားကို ပြန်လည်ပေးပို့စေခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း ပြုနိုင်သည်၊

(စ) ရုပ်ရှင်ကားကို အများပြည်သူအား ပြသခွင့် ပြုလျှင် သတ်မှတ်ထားသော အခကြေးငွေကို ပေးဆောင်စေ၍ ရုပ်ရှင်ဆင်ဆာလက်မှတ် ထုတ်ပေးရမည်။

၁၄။ (က) ရုပ်ရှင်ဆင်ဆာအဖွဲ့က ထုတ်ပေးသည့် ရုပ်ရှင်ဆင်ဆာ လက်မှတ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သတ်မှတ် သည့် ကာလ အပိုင်းအခြားအတွက် အတည်ဖြစ်စေ ရမည်၊

(ခ) ရုပ်ရှင် ဆင်ဆာအဖွဲ့က ထုတ်ပေးသည့် ရုပ်ရှင်ဆင်ဆာ လက်မှတ်ကို ရုပ်ရှင်ကားနှင့်အတူ ပြသရမည်။

၁၅။ (က) ရုပ်ရှင် ဆင်ဆာလက်မှတ် သက်တမ်း ကုန်ဆုံးသဖြင့် သက်တမ်းတိုးမြှင့်လိုသူသည် သတ်မှတ်ချက်များနှင့်အညီ ရုပ်ရှင်ဆင်ဆာအဖွဲ့သို့ လျှောက်ထားရမည်၊

(ခ) ရုပ်ရှင် ဆင်ဆာအဖွဲ့သည် သတ်မှတ်ထားသော အခ ကြေးငွေကို ပေးဆောင်စေ၍ ရုပ်ရှင်ဆင်ဆာလက်မှတ် သက်တမ်းကို တိုးမြှင့်ပေးနိုင်သည်။

၁၆။ ရုပ်ရှင်ဆင်ဆာအဖွဲ့သည် မည်သည့်ရုပ်ရှင်ကားကိုမဆို ကြည့်ရှု စစ်ဆေးရန် ဆင့်ဆိုနိုင်သည်။

၁၇။ ရုပ်ရှင်ဆင်ဆာအဖွဲ့သည်—

(က) ခိုင်လုံသော အကြောင်းရှိလျှင် မည်သည့်ရုပ်ရှင်ဆင်ဆာ လက်မှတ်ကိုမဆို ရုပ်သိမ်းနိုင်သည်၊

(ခ) ရုပ်ရှင်ဆင်ဆာလက်မှတ် ရုပ်သိမ်းခြင်းခံရသော–

(၁) မြန်မာ့ရုပ်ရှင်ကားကို သိမ်းဆည်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်းပြုနိုင်သည်၊

(၂) ပြည်ပမှ တင်သွင်းလာသည့် ရုပ်ရှင်ကားကို ပြန်လည် ပေးပို့စေခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းပြုနိုင်သည်။

၁၈။ ရုပ်ရှင်ဆင်ဆာအဖွဲ့သည် ပုဒ်မ ၁၃ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲ (င) သို့မဟုတ် ပုဒ်မ ၁၇ ပုဒ်မခွဲ (ခ) အရ မိမိ ချမှတ်သော ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ မကျေနပ်သူက ပြန်ကြားရေး ဝန်ကြီးဌာနသို့ အယူခံဝင်လျှင် အယူခံတွင် ချမှတ်သော အမိန့်အတိုင်း ဆောင်ရွက်စေရမည်။ အယူခံမဝင်ပါက အယူခံကာလကုန်ဆုံးသောအခါ မိမိ၏ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်စေရမည်။

## အခန်း (၅)

## မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့

၁၉။ ပြန်ကြားရေးဝန်ကြီးဌာနသည်—

(က) အောက်ပါ ပုဂ္ဂိုလ်များပါဝင်သော မြန်မာ့ရုပ်ရှင် အဆင့် အတန်း မြှင့်တင်ရေး အကဲဖြတ်အဖွဲ့ကို ဖွဲ့စည်းရမည် —

(၁) ဒုတိယဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန ဥက္ကဋ္ဌ

(၂) ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ရုပ်ရှင်လုပ်ငန်း ဒုတိယဥက္ကဋ္ဌ

(၃) သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၄) သင့်လျော်သည့်နိုင်ငံသားများ — အဖွဲ့ဝင်များ

(၅) ညွှန်ကြားရေးမှူး မြန်မာ့ရုပ်ရှင်လုပ်ငန်း — အတွင်းရေးမှူး

(ခ) အကဲဖြတ်အဖွဲ့၏ သက်တမ်းကိုသတ်မှတ်နိုင်သည်၊

(ဂ) အကဲဖြတ်အဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၂၀။ အစိုးရဝန်ထမ်းမဟုတ်သော အကဲဖြတ်အဖွဲ့ဝင်သည် ပြန်ကြားရေးဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၂၁။ ပြန်ကြားရေးဝန်ကြီးဌာနသည် အကဲဖြတ်အဖွဲ့က စိစစ်အကဲဖြတ်ရမည့် ရုပ်ရှင်ထူးချွန်ဆု အမျိုးအစားများကို အခါအားလျော်စွာ သတ်မှတ်နိုင်သည်။ လိုအပ်ပါက ပြင်ဆင်သတ်မှတ်နိုင်သည်။

၂၂။ အကဲဖြတ်အဖွဲ့သည်—

(က) မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်နိုင်ရန် ပြက္ခဒိန်နှစ် တစ်နှစ်အတွင်း ရုံတင်ပြသခဲ့သော မြန်မာရုပ်ရှင်ကားအားလုံးကို ချမှတ်ထားသော မူဝါဒနှင့် ညီညွတ်ခြင်းရှိ မရှိ စိစစ်အကဲဖြတ်ရမည်၊

(ခ) ပုဒ်မခွဲ (က) အရ စိစစ်အကဲဖြတ်ပြီးနောက် ပြန်ကြားရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် ရုပ်ရှင်ထူးချွန်ဆု အမျိုးအစားများအရ ချီးမြှင့်ထိုက်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြန်ကြားရေးဝန်ကြီးဌာနသို့ ထောက်ခံတင်ပြရမည်။

၂၃။ အကဲဖြတ်အဖွဲ့သည် စိစစ်အကဲဖြတ်ပြီးသော မြန်မာရုပ်ရှင်ကားကိုလိုအပ်သလို မိတ္တူကူးယူနိုင်သည်။

## အခန်း (၆)

### ရုပ်ရှင်ရုံလိုင်စင်

၂၄။ ရုပ်ရှင်ရုံလိုင်စင်ရယူလိုသူသည် သတ်မှတ်ချက်များနှင့်အညီ မြန်မာ့ရုပ်ရှင်လုပ်ငန်းသို့ လျှောက်ထားရမည်။

၂၅။ မြန်မာ့ရုပ်ရှင်လုပ်ငန်းသည်—

(က) ရုပ်ရှင်ရုံလိုင်စင် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ရမည်၊

(ခ) ရုပ်ရှင်ရုံလိုင်စင် ထုတ်မပေးမီ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၏ သဘောထားမှတ်ချက်ကို တောင်းခံရမည်၊

(ဂ) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ရုပ်ရှင်ရုံလိုင်စင် ထုတ်ပေးရမည်။

၂၆။ မြန်မာ့ရုပ်ရှင်လုပ်ငန်းသည် ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ရုပ်ရှင်ရုံလိုင်စင်သက်တမ်း၊ ရုပ်ရှင်ရုံလိုင်စင်ခ၊ ရက်လွန်ကြေးနှင့် သက်တမ်းတိုးမြှင့်ခတို့ကို သတ်မှတ်ပေးရမည်။

၂၇။ (က) ရုပ်ရှင်ရုံ လိုင်စင်သက်တမ်း ကုန်ဆုံးသဖြင့် သက်တမ်းတိုးမြှင့်လိုသူသည် သတ်မှတ်ချက်များနှင့်အညီ မြန်မာ့ရုပ်ရှင်လုပ်ငန်းသို့ လျှောက်ထားရမည်၊

(ခ) မြန်မာ့ရုပ်ရှင်လုပ်ငန်းသည် သတ်မှတ်ထားသော အခကြေးငွေကို ပေးဆောင်စေ၍ ရုပ်ရှင်ရုံလိုင်စင်သက်တမ်းကို တိုးမြှင့်ပေးနိုင်သည်။

၂၈။ မြန်မာ့ရှပ်ရှင်လုပ်ငန်းသည်—

(က) ရုပ်ရှင်ရုံလိုင်စင်ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်ရမည်၊

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သော ရုပ်ရှင်ရုံလိုင်စင် ရရှိသူအား ဒဏ်ငွေအနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀ အထိ ချမှတ်ရမည်။ ထို့ပြင် ရုပ်ရှင်ရုံလိုင်စင်ကိုလည်း ရုပ်သိမ်းနိုင်သည်။

၂၉။ ရုပ်ရှင်ရုံလိုင်စင်သက်တမ်း ကုန်ဆုံးလျှင်ဖြစ်စေ၊ ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ၊ ရုပ်ရှင်ရုံလိုင်စင်ရရှိသူက ပြန်လည်အပ်နှံလျှင် ဖြစ်စေ ရုပ်ရှင်ရုံလိုင်စင် ပျက်ပြယ်သည်။

## အခန်း (၇)

## အယူခံခြင်း

၃၀။ ရုပ်ရှင်ဆင်ဆာအဖွဲ့ သို့မဟုတ် မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ဆုံးဖြတ်ချက်ကို ဖြစ်စေ၊ အမိန့်ကို ဖြစ်စေ မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြန်ကြားရေးဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၃၁။ ပြန်ကြားရေးဝန်ကြီးဌာနသည် အယူခံခြင်းနှင့်စပ်လျဉ်း၍ ဆင်ဆာအဖွဲ့ သို့မဟုတ် မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း၊ ပြန်လည်စိစစ်စေရန် သို့မဟုတ် စစ်ဆေးစေရန် ညွှန်ကြားခြင်းပြုနိုင်သည်။

၃၂။ ပြန်ကြားရေးဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၇)

## ဖြစ်မှုနှင့် ပြစ်ဒဏ်များ

၃၃။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ယင်းပြစ်မှုကို ဆက်လက်ကျူးလွန်ပါက တစ်ရက်လျှင် ငွေဒဏ်ကျပ် ၁၀၀၀ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သောပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်—

(က) ရုပ်ရှင်လုပ်ငန်းလိုင်စင်မရှိဘဲ ပုဒ်မ ၄ ပါ ရုပ်ရှင်လုပ်ငန်း အမျိုးအစားတစ်ခုခုကို လုပ်ကိုင်ခြင်း၊

(ခ) ရုပ်ရှင်ဆင်ဆာလက်မှတ် မရှိသော ရုပ်ရှင်ကားကို ပြသခြင်း။

၃၄။ မည်သူမဆို ရုပ်ရှင်ရုံလိုင်စင်မရှိဘဲ ရုပ်ရှင်ပြသခြင်းလုပ်ငန်းကို လုပ်ကိုင်လျှင် ထိုသူကို ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ယင်းပြစ်မှုကို ဆက်လက်ကျူးလွန်ပါက တစ်ရက်လျှင် ငွေဒဏ်ကျပ် ၅၀၀ ချမှတ်ရမည်။

## အခန်း (၉)

## အထွေထွေ

၃၅။ (က) နိုင်ငံခြား သံတမန် အဖွဲ့အစည်းကဖြစ်စေ၊ ကုလသမဂ္ဂ အဖွဲ့အစည်းကဖြစ်စေ ပြည်ပမှ တင်သွင်းလာသော ရုပ်ရှင်ကားကို အများပြည်သူအား ပြသလိုပါက ရုပ်ရှင် ဆင်ဆာအဖွဲ့သို့ စိစစ်ကြည့်ရှုရန် တင်ပြရမည်၊

(ခ) ရုပ်ရှင်ဆင်ဆာ အဖွဲ့သည် ရုပ်ရှင်ကားကို စိစစ်ကြည့်ရှုပြီးနောက် —

(၁) အများပြည်သူအား ပြသသင့်ပါက ခွင့်ပြုနိုင်သည်၊

(၂) အများပြည်သူအား ပြသရန်မသင့်သော အစိတ်အပိုင်းကို ဖြတ်တောက်၍ ခွင့်ပြုနိုင်သည်။ ဖြတ်တောက်ထားသည့် အစိတ်အပိုင်းကို ပြည်ပသို့ ထိုရုပ်ရှင်ကားပြန်လည်မပို့မီ ထိန်းသိမ်းထားနိုင်သည်၊

(၃) သက်ဆိုင်ရာ နိုင်ငံခြားသံတမန် အဖွဲ့အစည်း၏ ဥပစာအတွင်း၌ဖြစ်စေ၊ ကုလသမဂ္ဂအဖွဲ့အစည်း၏ ဥပစာအတွင်း၌ဖြစ်စေ သီးသန့်ပရိသတ်ကိုသာ ပြသရန် ခွင့်ပြုနိုင်သည်။

၃၆။ မြန်မာ့ရုပ်ရှင်လုပ်ငန်းသည် ဤဥပဒေအရ ရုပ်ရှင်လုပ်ငန်းလိုင်စင်၊ ရုပ်ရှင်ရုံလိုင်စင်၊ ရုပ်ရှင်ဆင်ဆာတို့အတွက် အခွန်အခများ ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့် ရှိစေရမည်။

၃၇။ ပြန်ကြားရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အစိုးရဌာန၊ အဖွဲ့အစည်းများအား ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်မှ ကင်းလွတ်ခွင့် ပြုနိုင်သည်။

၃၈။ ဤဥပဒေပါပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၉။ ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် အကဲဖြတ်အဖွဲ့တို့၏—

(က) ရုံးလုပ်ငန်းများကို မြန်မာ့ရုပ်ရှင်လုပ်ငန်းက ဆောင်ရွက်ပေးရမည်၊

(ခ) အသုံးစရိတ်များကို မြန်မာ့ရုပ်ရှင် လုပ်ငန်းက ကျခံရမည်။

၅၀။ ၁၉၈၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ရုပ်ရှင်ဥပဒေအရ—

(က) ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်၊

(ခ) လက်ရှိ ဖွဲ့စည်းထားသည့် ရုပ်ရှင်ဆင်ဆာ ဘုတ်အဖွဲ့၊ အယူခံ အာဏာပိုင်အဖွဲ့နှင့် လိုင်စင် ထုတ်ပေးသည့် အာဏာပိုင်တို့သည် ဤဥပဒေအရ ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် အကဲဖြတ်အဖွဲ့များ ဖွဲ့စည်းခြင်း မပြုမီ ယင်းတို့၏ တာဝန်ဝတ္တရားများကိုဆက်လက် ဆောင်ရွက်ခွင့်ရှိသည်၊

(ဂ) ထုတ်ပေးထားသည့် သက်တမ်းမကုန်ဆုံးသေးသော လိုင်စင်၊ ရုပ်ရှင်ကားများအတွက် သက်သေခံ လက်မှတ်နှင့် ရုပ်ရှင်လုပ်ငန်း မှတ်ပုံတင်တို့သည် သက်တမ်းကုန်ဆုံးသည့်နေ့အထိ အတည်ဖြစ်သည်ဟု မှတ်ယူရမည်။

၅၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်—

(က) ပြန်ကြားရေး ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ , လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ရုပ်ရှင်ဆင်ဆာအဖွဲ့ သို့မဟုတ် အကဲဖြတ်အဖွဲ့သည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၄၂။ ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ရုပ်ရှင်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးဥပဒေ

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေ

( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၀/၉၆ )

၁၃၅၈ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်

(၁၉၉၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) ကွန်ပျူတာ ဆိုသည်မှာ စုဆောင်းထားသော အချက်အလက်များကို တိုက်ဆိုင်စိစစ်၍ လိုအပ်သော အဖြေ၊ ပုံစံယေားတို့ကို တိကျမှန်ကန်စွာ ထုတ်လုပ်ပေးနိုင်သည့် တစ်ဦးချင်းသုံးစက်ယ်များ၊ အများသုံးအလတ်စားနှင့် အကြီးစား အီလက်ထရွန်နစ် စက်ကိရိယာကို ဆိုသည်။ ယင်းစကားရပ်တွင် ဆက်သွယ်ရေးဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန် သတ်မှတ်သည့် အီလက်ထရွန်နစ် စက်ကိရိယာလည်း ပါဝင်သည်၊

(ခ) ကွန်ပျူတာအမာထည် (Hardware) ဆိုသည်မှာ ကွန်ပျူတာနှင့် ကွန်ပျူတာတွင်ပါဝင်သည့် စက်ပစ္စည်းများ၊ အရန်စက်ပစ္စည်းများကို ဆိုသည်၊

(ဂ) ကွန်ပျူတာ အပျော့ထည် (Software) ဆိုသည်မှာ ကွန်ပျူတာကို လိုအပ်သည့်အတိုင်း ညွှန်ကြားနိုင်ရန် စီစဉ်ရေးဆွဲထားသည့် ကွန်ပျူတာပရိုဂရမ်ကို ဆိုသည်၊

(ဃ) ကွန်ပျူတာကွန်ရက် ဆိုသည်မှာ ကွန်ပျူတာကို အသုံးပြု၍ ဂြိုဟ်တုမှ တစ်ဆင့်ဖြစ်စေ၊ အခြား နည်းပညာ တစ်ရပ်ရပ်မှ တစ်ဆင့်ဖြစ်စေ ဆက်သွယ်သည့် စနစ်ကို ဆိုသည်၊

(င) သတင်းဆိုင်ရာနည်းပညာ ဆိုသည်မှာ သတင်းအချက်အလက်များကို အီလက်ထရွန်နစ်စနစ်ဖြင့် ဖြန့်ချိသည့် နည်းပညာကို ဆိုသည်၊

(စ) ကွန်ပျူတာပညာရှင် ဆိုသည်မှာ ပြည်တွင်း သို့မဟုတ် ပြည်ပမှ ကွန်ပျူတာပညာဆိုင်ရာ ဘွဲ့တစ်ခုခုကိုဖြစ်စေ၊ ဘွဲ့ကြိုဒီပလိုမာ သို့မဟုတ် ဘွဲ့လွန် ဒီပလိုမာ တစ်ခုခုကို ဖြစ်စေ ရရှိထားသူကို ဆိုသည်။ ယင်းစကားရပ်တွင် ကွန်ပျူတာပရိုဂရမ် ရေးသားနည်းများကို တတ်ကျွမ်းသူလည်း ပါဝင်သည်၊

(ဆ) ကွန်ပျူတာလုပ်ငန်းရှင် ဆိုသည်မှာ ကွန်ပျူတာအမာထည် သို့မဟုတ် ကွန်ပျူတာ အပျော့ထည်ကို ပြည်တွင်းတွင် ထုတ်လုပ်ရောင်းချခြင်း၊ ပြည်ပသို့ တင်ပို့ရောင်းချခြင်း သို့မဟုတ် ပြည်ပမှ ဝယ်ယူတင်သွင်းခြင်း လုပ်ငန်း လုပ်ကိုင်သူကို ဆိုသည်။ ယင်းစကားရပ်တွင် ကွန်ပျူတာစက်ကို ပြုပြင်ထိန်းသိမ်းသော ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူနှင့် ပုဂ္ဂလိက ကွန်ပျူတာသင်တန်း တည်ထောင်ဖွင့်လှစ် လုပ်ကိုင်သူလည်း ပါဝင်သည်၊

(ဇ) ကွန်ပျူတာဝါသနာရှင် ဆိုသည်မှာ ကွန်ပျူတာပညာကို စိတ်ဝင်စားပြီး တစ်နည်းနည်းဖြင့် လေ့လာဆည်းပူး နေသူကို ဆိုသည်။ ယင်းစကားရပ်တွင် ကွန်ပျူတာကို တစ်နည်းနည်းဖြင့် အသုံးချနေသူလည်း ပါဝင်သည်၊

(ဈ) ကောင်စီ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေး ကောင်စီ ကို ဆိုသည်၊

(ည) အသင်းချုပ် ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် ဖြစ်ထွန်းရေး အတွက် ကွန်ပျူတာပညာဖြင့် အထောက်အကူပြုရန်၊

(ခ) ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးနှင့် ပြန့်ပွားရေး အတွက် လိုအပ်သော အစီအမံများကို ချမှတ်ဆောင်ရွက်ရန်၊

(ဂ) လူငယ်လူရွယ်များ၊ အထူးသဖြင့် ကျောင်းသူ ကျောင်း သားများ ကွန်ပျူတာပညာ လေ့လာဆည်းပူးခွင့်ရရှိ စေရေးအတွက် အခွင့်အလမ်းများ ဖန်တီးပေးရန်၊

(ဃ) နိုင်ငံတကာတွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကွန်ပျူတာ ပညာရပ်များကို လေ့လာဆည်းပူး၍ နိုင်ငံတော်အတွက် အကျိုးအရှိဆုံး အသုံးချနိုင်ရန်၊

(င) လုပ်ငန်းနယ်ပယ် အသီးသီးတွင် ကွန်ပျူတာပညာ အသုံးချမှု ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(စ) ကွန်ပျူတာအပျော်ထည်များ သို့မဟုတ် သတင်းအချက်အလက်များ ပြည်တွင်းသို့ တင်သွင်းခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန်။

## အခန်း (၃)

### မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ ဖွဲ့စည်းခြင်း

၄။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည်—

(က) အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်သော မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီကို ဖွဲ့စည်းရမည်—

| | | |
|---|---|---|
| (၁) | နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့က တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ကြီးများ သို့မဟုတ် ဒုတိယဝန်ကြီးများ | အဖွဲ့ဝင်များ |
| (၃) | သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှ အကြီးအကဲများ | အဖွဲ့ဝင်များ |
| (၄) | သင့်လျော်သည့် ကွန်ပျူတာပညာရှင်များ | အဖွဲ့ဝင်များ |
| (၅) | ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

(ခ) ကောင်စီကို ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်နိုင်သည်။

၅။ အစိုးရဝန်ထမ်းမဟုတ်သော ကောင်စီဝင်များသည် ပညာရေးဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၆။ အဆင့်မြင့်ပညာဦးစီးဌာနသည်—

(က) ကောင်စီ၏ အသုံးစရိတ်များကို ကျခံရမည်၊

(ခ) ကောင်စီ၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ပေးရမည်။

## အခန်း (၄)

## ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၇။ ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) နိုင်ငံတော်အာဘွင်း ခေတ်နှင့်အညီ ကွန်ပျူတာပညာ ဖွံ့ဖြိုးတိုးတက် လာစေရေးအတွက် မူဝါဒ ချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ခ) နိုင်ငံတော်အတွင်း ကွန်ပျူတာပညာအသုံးချမှုစနစ်တကျ ပြန့်ပွားရေးနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

(ဂ) ကွန်ပျူတာ ကွန်ရက်များနှင့် စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊ ထိန်းချုပ်ခြင်း၊

(ဃ) လူငယ်လူရွယ်များ၊ အထူးသဖြင့် ကျောင်းသူ ကျောင်းသားများ အခြေခံကွန်ပျူတာပညာ လေ့လာဆည်းပူးနိုင်ခွင့်ရရှိနိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(င) သတင်းဆိုင်ရာ နည်းပညာနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊ ထိန်းချုပ်ခြင်း၊

(စ) ဤဥပဒေအရ ဖွဲ့စည်းသောအသင်းချုပ်နှင့် ကွန်ပျူတာ ဆိုင်ရာ အသင်းများ၏ လုပ်ငန်း ဆောင်ရွက်မှု နှင့် စပ်လျဉ်း၍ ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ဆ) ပြည်တွင်းသို့ တင်သွင်းခွင့်မပြုသော သို့မဟုတ် ပြည်ပသို့ တင်ပို့ခွင့် မပြုသော ကွန်ပျူတာ အပျော့ထည် အမျိုး အစားများနှင့် သတင်းအချက်အလက်များကို သတ်မှတ် ခြင်း၊

(ဇ) နိုင်ငံတော်အတွင်း လုပ်ငန်းနယ်ပယ်အသီးသီးတွင် ကွန်ပျူတာပညာ အသုံးချမှု ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုး တိုးတက်လာစေရန် အစီအစမံများချမှတ်ခြင်း၊

(ဈ) လိုအပ်သော ကွန်ပျူတာ ပညာရပ် ဆိုင်ရာ လုပ်ငန်း ကော်မတီများ၊ အဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ည) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီမဟုတ်ဘဲ ဖွဲ့စည်း တည်ထောင်ထားသော သို့မဟုတ် ရပ်တည်နေသော ကွန်ပျူတာဆိုင်ရာအသင်းတစ်ခုခုကိုဖြစ်စေ၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ သို့မဟုတ် သက်ဆိုင်ရာ အသင်း ဖွဲ့စည်းပုံ စည်းမျဉ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုသော ကွန်ပျူတာဆိုင်ရာ အသင်းတစ်ခုခုကိုဖြစ်စေ ဖျက်သိမ်းခြင်း၊

(ဋ) ဤဥပဒေပါ ရည်ရွယ်ချက်များ ထမြောက် အောင်မြင် စေရေးအတွက် လိုအပ်သည့် လုပ်ငန်းအစီအစဉ်များကို ချမှတ်ဆောင်ရွက်ခြင်း။

## အခန်း (၅)

## ကွန်ပျူတာဆိုင်ရာ အသင်းများဖွဲ့စည်းခြင်း

ဂ။ ကွန်ပျူတာ ဝါသနာရှင်အသင်း အဆင့်ဆင့်ကို အောက်ပါအတိုင်း ဖွဲ့စည်းနိုင်သည်—

(က) ကွန်ပျူတာဝါသနာရှင်အခြေခံအသင်း၊

(ခ) မြို့နယ် ကွန်ပျူတာဝါသနာရှင်အသင်း၊

(ဂ) ခရိုင် ကွန်ပျူတာဝါသနာရှင်အသင်း၊

(ဃ) ပြည်နယ်၊ တိုင်း ကွန်ပျူတာဝါသနာရှင်အသင်း၊

(င) မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်း။

၉။ (က) ကွန်ပျူတာဝါသနာရှင် အခြေခံအသင်းကို ကွန်ပျူတာဝါသနာရှင် အနည်းဆုံး (၇) ဦးဖြင့် ဖွဲ့စည်းနိုင်သည်၊

(ခ) မြို့နယ် ကွန်ပျူတာ ဝါသနာရှင်အသင်းကို ကွန်ပျူတာ ဝါသနာရှင် အခြေခံအသင်းများက သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်သည်၊

(ဂ) ခရိုင် ကွန်ပျူတာဝါသနာရှင်အသင်းကို မြို့နယ် ကွန်ပျူတာဝါသနာရှင် အသင်းများက သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်သည်၊

(ဃ) ပြည်နယ်၊ တိုင်း ကွန်ပျူတာဝါသနာရှင်အသင်းကို ခရိုင် ကွန်ပျူတာဝါသနာရှင်အသင်းများက သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်သည်၊

(င) မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်းကို ပြည်နယ်၊ တိုင်း ကွန်ပျူတာဝါသနာရှင်အသင်းများက သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်သည်။

၁၀။ ကွန်ပျူတာပညာရှင်အသင်း အဆင့်ဆင့်ကို အောက်ပါအတိုင်း ဖွဲ့စည်းနိုင်သည်—

(က) မြို့နယ် ကွန်ပျူတာပညာရှင်အသင်း၊
(ခ) ခရိုင် ကွန်ပျူတာပညာရှင်အသင်း၊
(ဂ) ပြည်နယ်၊ တိုင်း ကွန်ပျူတာပညာရှင်အသင်း၊
(ဃ) မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း။

၁၁။ (က) မြို့နယ် ကွန်ပျူတာပညာရှင်အသင်းကို မြို့နယ် အတွင်းရှိ ကွန်ပျူတာ ပညာ ရှင် အနည်းဆုံး (၇) ဦးဖြင့် ဖွဲ့စည်းနိုင်သည်၊

(ခ) ခရိုင်ကွန်ပျူတာ ပညာရှင်အသင်းကို မြို့နယ်ကွန်ပျူတာ ပညာ ရှင် အ သင်း များ က သတ်မှတ်ချက်များနှင့် အညီ ရွေး ချယ် စေ လွှတ် သော ကိုယ် စား လှယ် များ ဖြင့် လည်းကောင်း၊ မြို့နယ်ကွန်ပျူတာ ပညာရှင်အသင်းများ ဖွဲ့စည်းနိုင်ခြင်းမရှိသေးလျှင် ခရိုင်အတွင်းရှိ ကွန်ပျူတာ ပညာရှင် အနည်းဆုံး (၇) ဦးဖြင့် လည်းကောင်း ဖွဲ့စည်းနိုင်သည်၊

(ဂ) ပြည် နယ်၊ တိုင်း ကွန်ပျူတာ ပညာရှင်အသင်းကို ခရိုင် ကွန် ပျူ တာ ပ ညာ ရှင် အ သင်း များ က သတ်မှတ်ချက် များနှင့်အညီ ရွေး ချယ် စေ လွှတ် သော ကိုယ် စား လှယ် များဖြင့် လည်း ကောင်း၊ ခရိုင် ကွန် ပျူ တာ ပညာ ရှင် အသင်းများ ဖွဲ့စည်းနိုင်ခြင်းမရှိသေးလျှင် ပြည်နယ်၊ တိုင်း အတွင်းရှိ ကွန်ပျူတာပညာရှင် အနည်းဆုံး (၇) ဦးဖြင့် လည်းကောင်း ဖွဲ့စည်းနိုင်သည်၊

(ဃ) မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းကို ပြည်နယ်၊ တိုင်း ကွန်ပျူတာ ပညာရှင်အသင်းများက သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်သည်။

၁၂။ ကွန်ပျူတာလုပ်ငန်းရှင်အသင်းအဆင့်ဆင့်ကို အောက်ပါအတိုင်း ဖွဲ့စည်းနိုင်သည်—

(က) မြို့နယ် ကွန်ပျူတာလုပ်ငန်းရှင်အသင်း၊
(ခ) ခရိုင် ကွန်ပျူတာလုပ်ငန်းရှင်အသင်း၊
(ဂ) ပြည်နယ်၊ တိုင်း ကွန်ပျူတာလုပ်ငန်းရှင်အသင်း၊
(ဃ) မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း။

၁၃။ (က) မြို့နယ် ကွန်ပျူတာလုပ်ငန်းရှင်အသင်းကို မြို့နယ်အတွင်းရှိ ကွန်ပျူတာလုပ်ငန်းရှင် အနည်းဆုံး (၇) ဦးဖြင့် ဖွဲ့စည်းနိုင်သည်၊

(ခ) ခရိုင် ကွန်ပျူတာလုပ်ငန်းရှင်အသင်းကို မြို့နယ်ကွန်ပျူတာလုပ်ငန်းရှင်အသင်းများက သတ်မှတ်ချက်များနှင့် အညီ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ မြို့နယ် ကွန်ပျူတာလုပ်ငန်းရှင် အသင်းများ ဖွဲ့စည်းနိုင်ခြင်း မရှိသေးလျှင် ခရိုင်အတွင်းရှိ ကွန်ပျူတာလုပ်ငန်းရှင် အနည်းဆုံး (၇) ဦးဖြင့်လည်းကောင်း ဖွဲ့စည်းနိုင်သည်၊

(ဂ) ပြည်နယ်၊ တိုင်း ကွန်ပျူတာ လုပ်ငန်းရှင်အသင်းကို ခရိုင် ကွန်ပျူတာလုပ်ငန်းရှင် အသင်းများက သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ ခရိုင် ကွန်ပျူတာလုပ်ငန်းရှင်အသင်းများ ဖွဲ့စည်းနိုင်ခြင်း မရှိသေးလျှင် ပြည်နယ်၊ တိုင်းအတွင်းရှိ ကွန်ပျူတာလုပ်ငန်းရှင် အနည်းဆုံး (၇) ဦးဖြင့် လည်းကောင်း ဖွဲ့စည်းနိုင်သည်၊

(ဃ) မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းကို ပြည်နယ်၊ တိုင်း ကွန်ပျူတာ လုပ်ငန်း ရှင်အသင်း များက သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်သည်။

၁၄။ ပုဒ်မ ၈၊ ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၂ ပါ အသင်းတစ်ခုခုကို ဖွဲ့စည်းလိုသူများသည် အသင်းဖွဲ့စည်းပုံစည်းမျဉ်းကို ရေးဆွဲပြီး သက်ဆိုင်ရာ အသင်းဖွဲ့စည်းရေးဆိုင်ရာ အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက် ရယူရမည်။

၁၅။ ပုဒ်မ ၁၄ အရ ရေးဆွဲသည့် အသင်းဖွဲ့စည်းပုံစည်းမျဉ်းတွင် အောက်ပါတို့နှင့် ဧပ်လျဉ်းသည့် သတ်မှတ်ချက်များ ပါဝင်စေရမည်—

(က) အသင်းဖွဲ့စည်းခြင်းရည်ရွယ်ချက်၊
(ခ) အခြေခံအသင်း သို့မဟုတ် အသင်းသားများဖြင့် ဖွဲ့စည်းသည့်အသင်းဖြစ်လျှင် အသင်းသားများ၏ အရည်အချင်းသတ်မှတ်ချက်၊
(ဂ) အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန် သတ်မှတ်ချက်၊
(ဃ) တစ်ဆင့်မြင့်အသင်းသို့ ကိုယ်စားလှယ် ရွေးချယ် စေလွှတ်ခြင်း၊
(င) ရန်ပုံငွေသားရှိခြင်းနှင့် သုံးစွဲခြင်း၊
(စ) အစည်းအဝေးများ ကျင်းပခြင်း၊
(ဆ) သက်ဆိုင်ရာအသင်း အမျိုးအစားအလိုက် လိုအပ်သည့် အခြားသတ်မှတ်ချက်များ။

၁၆။ ပုဒ်မ ၈၊ ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၂ ပါ အသင်းများ၏ အမှုဆောင်အဖွဲ့ သက်တမ်းသည် ဖွဲ့စည်းသည့်နေ့မှစ၍ ၂ နှစ် ဖြစ်သည်။

၁၇။ ပုဒ်မ ၈၊ ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၂ ပါ အသင်းများသည် အမြတ်အစွန်းကို မရည်ရွယ်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်း ဖြစ်သည်။

## အခန်း (၆)

## အသင်းချုပ်ဖွဲ့စည်းခြင်း

၁၈။ ကောင်စီသည်—

(က) မြန်မာနိုင်ငံကွန်ပျူတာဝါသနာရှင်များအသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များအသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်းတို့က သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်စေလွှတ်သည့် ကိုယ်စားလှယ်များ၊ မိမိက ခန့်အပ်တာဝန်ပေးသည့် ပုဂ္ဂိုလ်များ ပါဝင်စေလျက် မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်ကို ဖွဲ့စည်းရမည်၊

(ခ) အသင်းချုပ်၏ အဖွဲ့ဝင်ဦးရေကို လိုအပ်သလို သတ်မှတ် နိုင်သည်၊

(ဂ) အသင်းချုပ်၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို ခန့်အပ် တာဝန်ပေးရမည်။ လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို ခန့်အပ်တာဝန်ပေးနိုင်သည်၊

(ဃ) အသင်းချုပ်တွင် မိမိက ခန့်အပ်တာဝန်ပေးသည့် ပုဂ္ဂိုလ် များ၏ သက်တမ်းကို သတ်မှတ်ရမည်။

၁၉။ အသင်းချုပ်တွင် အသင်းအသီးသီး၏ ကိုယ်စားလှယ်အဖြစ် ပါဝင်သူများ၏ သက်တမ်းသည် မိမိအားရွေးချယ်စေလွှတ်သော သက်ဆိုင်ရာ ကွန်ပျူတာအသင်း အမှုဆောင်အဖွဲ့၏ သက်တမ်းနှင့် အညီ ဖြစ်စေရမည်။

၂၀။ အသင်းချုပ်သည် အစည်းအဝေးကျင်းပခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် လုပ်ငန်းဆောင်ရွက်ပုံ နည်းစနစ်များကို သတ်မှတ်ထားရှိရမည်။

၂၁။ အသင်းချုပ်သည် မိမိ၏ နေ့စဉ်ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရုံးအဖွဲ့ကို ဖွဲ့စည်းထားရှိရမည်။

၂၂။ အသင်းချုပ်သည် အမြတ်အစွန်းကို မရည်ရွယ်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်သည်။

၂၃။ အသင်းချုပ်သည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ခွင့်၊ စဉ်ဆက်မပြတ်ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိသည်။

## အခန်း (၇)

## အသင်းချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၄။ အသင်းချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) နိုင်ငံတော် အတွင်း ခေတ်နှင့်အညီ ကွန်ပျူတာပညာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်ခြင်း၊

(ခ) ကွန်ပျူတာပညာ ဆိုင်ရာ သုတေသန လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သုတေသနလုပ်ငန်း လုပ်ကိုင်သူများအား အားပေးကူညီခြင်း၊

(ဂ) လုပ်ငန်းနယ်ပယ်အသီးသီးတွင် ကွန်ပျူတာပညာအသုံးချမှု ကျယ်ကျယ်ပြန့်ပြန့် တိုးတက်လာစေရန် ဆောင်ရွက်ခြင်း၊

(ဃ) ကွန်ပျူတာသင်တန်းကျောင်းများတွင် သင်ကြားပို့ချရမည့် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုး မာတိကာတို့ကို သတ်မှတ်ခြင်း၊

(င) ကွန်ပျူတာသင်တန်းကျောင်းများ၏ သင်ကြားပို့ချမှုအဆင့် မီ မမီ လိုအပ်သလိုစစ်ဆေးခြင်း၊

(စ) ကွန်ပျူတာပညာဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ခြင်း၊ ဟောပြောပွဲများကျင်းပခြင်း၊ စွမ်းရည်ပြိုင်ပွဲများပြုလုပ်ခြင်း၊ လေ့လာမေးအစီအစဉ်များပြုလုပ်ခြင်း၊

(ဆ) ကွန်ပျူတာပညာဆိုင်ရာ စာမေးပွဲများ ကျင်းပခြင်း၊ အောင်လက်မှတ်များ၊ တံဆိပ်များပေးအပ်ခြင်း၊

(ဇ) ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးနှင့်စပ်လျဉ်း၍ အခါအားလျော်စွာ ကောင်စီသို့အကြံပြုတင်ပြခြင်း၊

(ဈ) ကွန်ပျူတာအမာထည်နှင့် ကွန်ပျူတာအပျော့ထည်များ၊ အရည်အသွေး မြင့်မားလာစေရေးအတွက် ထုတ်လုပ်သူများအား ပံ့ပိုးကူညီခြင်း၊

(ည) ကွန်ပျူတာအမာထည်နှင့် ကွန်ပျူတာ အပျော့ထည်များကို ထုတ်လုပ်၍ ပြည်တွင်း၊ ပြည်ပ၌ ရောင်းချနိုင်ရေးအတွက် ပံ့ပိုးကူညီခြင်း၊

(ဋ) ကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ သတင်းဆိုင်ရာ နည်းပညာစီမံချက် ချမှတ်ခြင်း၊

(ဌ) အပြည်ပြည်ဆိုင်ရာ ကွန်ပျူတာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ဍ) ကွန်ပျူတာပညာဆိုင်ရာ ပြည်တွင်း၊ ပြည်ပ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ စာတမ်းဖတ်ပွဲများ ကျင်းပရေး၊ တက်ရောက်ရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သလို စီမံဆောင်ရွက်ခြင်း၊

(ဈ) မြန်မာဘာသာဖြင့် ကွန်ပျူတာကို အသုံးချနိုင်မည့်စနစ် တစ်ခု ဖြစ်မြောက်ရေးကို ရည်မှန်းဆောင်ရွက်ခြင်း၊

(ဏ) အစိုးရဌာန၊ အဖွဲ့ အစည်းများက ကွန်ပျူတာနှင့် စပ်လျဉ်း၍ အကြံဉာဏ်များ တောင်းခံ လာပါက အကြံဉာဏ်ပေးခြင်း၊

(တ) ကွန်ပျူတာဆိုင်ရာ စာအုပ်၊ စာတမ်း၊ စာစောင်၊ ဂျာနယ်များပြုစုခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ဖြန့်ချိရောင်းချ ခြင်း၊

(ထ) စာကြည့်တိုက် ဖွင့်လှစ်ထားရှိပြီး ကွန်ပျူတာဆိုင်ရာ စာပေများကို ပြည်တွင်း၊ ပြည်ပမှ ဝယ်ယူစုဆောင်းခြင်း၊

(ဒ) လူငယ်လူရွယ်များ၊ အထူးသဖြင့် ကျောင်းသူကျောင်း သားများ အခြေခံကွန်ပျူတာပညာရရှိရေးနှင့် ထူးချွန် သော ကွန်ပျူတာပညာရှင်များ ပေါ်ထွန်းရေးအတွက် ဆောင်ရွက်ခြင်း၊

(ဓ) ထူးချွန်သော ကွန်ပျူတာပညာရှင်များ၊ တီထွင်သူများ အား ဆုငွေချီးမြှင့်ခြင်း၊

(န) ထူးချွန်သော ကွန်ပျူတာပညာရှင်များ၊ တီထွင်သူများ အား နိုင်ငံတော်က ဂုဏ်ထူးဆောင်ဘွဲ့များ၊ တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရန် ကောင်စီသို့ ထောက်ခံတင်ပြခြင်း၊

(ပ) ကွန်ပျူတာပညာရှင်များ၊ တီထွင်သူများ၏ အကျိုးခံစား ခွင့်များကို အကာအကွယ်ပေးရေးနှင့် စပ်လျဉ်း၍ ကောင်စီသို့ အကြံပြုတင်ပြခြင်း၊

(ဖ) လိုအပ်သောကော်မတီများ၊ အဖွဲ့များ ဖွဲ့စည်း၍ ယင်း ကော်မတီများ၊ အဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဗ) ကောင်စီက သတ်မှတ်ပေးသော ကွန်ပျူတာပညာနှင့် စပ်လျဉ်းသည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

## အခန်း (ဂ)

### ဘဏ္ဍာရေး

၂၅။ အသင်းချုပ်သည်—

(က) မိမိရန်ပုံငွေဖြင့် ရပ်တည်ရမည်။ ထို့ပြင် မိမိ၏ ဘဏ္ဍာရေးရာ ကိစ္စအဝဝကိုလည်း တာဝန်ယူရမည်၊

(ခ) မိမိကျင့်သုံးမည့် ဘဏ္ဍာရေးစည်းမျဉ်းများကို ရေးဆွဲထားရှိရမည်၊

(ဂ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုထံမှဖြစ်စေ၊ ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုခုထံမှဖြစ်စေ ထောက်ပံ့ငွေ သို့မဟုတ် ချေးငွေကို ရယူသုံးစွဲခွင့်ရှိသည်၊

(ဃ) မိမိပိုင်ငွေများကို ဘဏ်တွင် ငွေစာရင်းဖွင့်လှစ်၍ အပ်နှံထားရှိပြီး ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ သုံးစွဲရမည်၊

(င) ငွေစာရင်းများကို စနစ်တကျထိန်းသိမ်း ထားရှိရမည်၊

(စ) လတ်တလောအသုံးပြုရန် မလိုအပ်သည့်ရန်ပုံငွေကို တိုးပွားစေရန် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ခြင်း၊ ရန်ပုံငွေရှာဖွေခြင်း ပြုနိုင်သည်၊

(ဆ) ပြည်တွင်း၊ ပြည်ပမှ လှူဒါန်း ထောက်ပံ့သော ငွေ၊ ပစ္စည်းများကို လက်ခံရယူ၍ ကွန်ပျူတာဆိုင်ရာအသင်းများသို့ သင့်လျော်သလို ခွဲဝေသုံးစွဲခွင့် ပြုနိုင်သည်၊

(ဇ) မိမိပိုင်နိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိပြီး တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ သုံးစွဲခွင့်ရှိသည်၊

(ဈ) ငွေစာရင်းထိန်းသိမ်းခြင်း၊ ငွေစာရင်းများကို စစ်ဆေးခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်ပါက စာရင်းစစ်ချုပ်ရုံး၏ အကူအညီကို တောင်းခံရယူနိုင်သည်။

## အခန်း (၉)

## ကြိုတင်ခွင့်ပြုချက်နှင့် လိုင်စင်

၂၆။ (က) ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနသည် မိမိ၏ကြိုတင်ခွင့်ပြုချက်ဖြင့်သာ ပြည်ပမှ တင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်း သို့မဟုတ် အသုံးပြုခြင်းပြုနိုင်သည့် ကွန်ပျူတာအမျိုးအစားများကို ကောင်စီ၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်နိုင်သည်၊

(ခ) ပုဒ်မခွဲ (က) အရ ကွန်ပျူတာ အမျိုးအစားများကို သတ်မှတ်ရာတွင် အချက်အလက်များကို ထုတ်လွှင့်ပေးပို့နိုင်သည့် သို့မဟုတ် လက်ခံ ဖမ်းယူနိုင်သည့် ကိရိယာ တပ်ဆင် ပါရှိသော ကွန်ပျူတာ အမျိုးအစားများကို အဓိကထား၍ သတ်မှတ်ရမည်၊

(ဂ) ပုဒ်မခွဲ (က) အရ ကွန်ပျူတာ အမျိုးအစားများကို သတ်မှတ်ရာတွင် ပညာသင်ကြားရေး သက်သက်အတွက် ဖြစ်စေ၊ ရုံးလုပ်ငန်းသက်သက် အတွက်ဖြစ်စေ၊ စီးပွားရေး လုပ်ငန်းကို အထောက်အကူ ဖြစ်စေသည့် ဆောင်ရွက်မှု သက်သက်အတွက်ဖြစ်စေ အသုံးပြုသည့် ကွန်ပျူတာများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၇။ ပုဒ်မ ၂၆ ပုဒ်မခွဲ (က) အရ သတ်မှတ်သည့် ကွန်ပျူတာ အမျိုးအစားကို ပြည်ပမှတင်သွင်းလိုသူ၊ လက်ဝယ်ထားရှိလိုသူ သို့မဟုတ် အသုံးပြုလိုသူသည် ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၂၈။ ကွန်ပျူတာကွန်ရက်ထူထောင်ခြင်း၊ ကွန်ပျူတာကွန်ရက်အတွင်း ဝင်ရောက် ချိတ်ဆက်ခြင်း ပြုလုပ်လိုသူသည် ကြိုတင် ခွင့်ပြုချက် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီး ဌာနသို့ လျှောက်ထားရမည်။

၂၉။ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာနသည် ပုဒ်မ ၂၇ အရဖြစ်စေ၊ ပုဒ်မ ၂၈ အရဖြစ်စေ လျှောက်ထားချက်ကို သတ်မှတ် ချက်များနှင့်အညီ စိစစ်ပြီး ကြိုတင်ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၀။ ပုဒ်မ ၂၆ ပုဒ်မခွဲ (က) အရ သတ်မှတ်သည့် ကွန်ပျူတာအမျိုး အစားကို လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်း ပြုလိုသူသည် လိုင်စင် ထုတ်ပေးခြင်း၊ လိုင်စင်သက်တမ်း သတ်မှတ်ခြင်း၊ လိုင်စင်ခနှင့် လိုင်စင် စည်းကမ်းများ သတ်မှတ်ခြင်းတို့နှင့် စပ်လျဉ်း၍ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန် ထားသည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာ ဆောင်ရွက် ရမည်။

## အခန်း (၁၀)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၁။ မည်သူမဆို ပုဒ်မ ၂၆ ပုဒ်မခွဲ (က) အရ သတ်မှတ်သည့် ကွန်ပျူတာ အမျိုးအစားကို ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ ပြည်ပမှ တင်သွင်းခြင်း၊ လက်ဝယ် ထားရှိခြင်း သို့မဟုတ် အသုံးပြုခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး ၇ နှစ်မှ အများဆုံး ၁၅ နှစ် အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၂။ မည်သူမဆိုဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက် မရှိဘဲ ကွန်ပျူတာကွန်ရက် ထူထောင်ခြင်း၊

သို့မဟုတ် ကွန်ပျူတာကွန်ရက်အတွင်း ဝင်ရောက် ချိတ်ဆက်ခြင်း ပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး ၇ နှစ်မှ အများဆုံး ၁၅ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ် လည်း ချမှတ်နိုင်သည်။

၃၃။ မည်သူမဆို ပုဒ်မ ၂၆ ပုဒ်မခွဲ (က) အရ သတ်မှတ်သည့် ကွန်ပျူတာ အမျိုးအစားနှင့် စပ်လျဉ်း၍ ကောင်စီကဖြစ်စေ၊ ပညာရေး ဝန်ကြီးဌာနကဖြစ်စေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီး ဌာနကဖြစ်စေ ထုတ်ပြန်တားမြစ်သော အမိန့်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၄။ မည်သူမဆို ကွန်ပျူတာ ကွန်ရက်ကို အသုံးပြု၍ဖြစ်စေ၊ သတင်းဆိုင်ရာ နည်းပညာ တစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး ၇ နှစ်မှ အများဆုံး ၁၅ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်—

(က) နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး၊ နိုင်ငံတော်၏ စီးပွားရေး သို့မဟုတ် အမျိုးသား ယဉ်ကျေးမှုကို ထိခိုက်စေသည့် ပြုလုပ်မှု တစ်ရပ်ရပ်ကို ပြုလုပ်ခြင်း၊

(ခ) နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး၊ နိုင်ငံတော်၏ စီးပွားရေး သို့မဟုတ် အမျိုးသားယဉ်ကျေးမှုနှင့် စပ်လျဉ်းသည့် နိုင်ငံတော်၏ လျှို့ဝှက်ချက်နှင့် သက်ဆိုင်သော သတင်းအချက်အလက် တစ်ရပ်ရပ်ကို ရယူခြင်း သို့မဟုတ် ပေးပို့ ဖြန့်ချိခြင်း။

၃၅။ မည်သူမဆို ကောင်စီက ပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) အရဖြစ်စေ၊ ပုဒ်မခွဲ (င) အရဖြစ်စေ ထိန်းချုပ်ခြင်းနှင့် စပ်လျဉ်း၍ ထုတ်ပြန်သော အမိန့်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၆။ မည်သူမဆို ကောင်စီက ပုဒ်မ ၇၊ ပုဒ်မခွဲ (ဆ) အရ သတ်မှတ်ထားသော ကွန်ပျူတာအပျော့ထည် အမျိုးအစား တစ်ခုခု သို့မဟုတ် သတင်းအချက်အလက် တစ်ရပ်ရပ်ကို ပြည်တွင်းသို့ ဝင်သွင်းကြောင်း သို့မဟုတ် ပြည်ပသို့တင်ပို့ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၅ နှစ်မှ အများဆုံး ၁၀ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၇။ မည်သူမဆို ကောင်စီက ပုဒ်မ ၇ ပုဒ်မခွဲ (ည) အရ ကွန်ပျူတာဆိုင်ရာ အသင်းတစ်ခုခုကို ဖျက်သိမ်းသည့် အမိန့်အား လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၈။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း ပြုလျှင်ဖြစ်စေ၊ ယင်းပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ရာတွင် အားပေးကူညီခြင်း ပြုလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ် ချမှတ်ခြင်းခံရမည်။

၃၉။ တရားရုံးသည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်ဒဏ်ချမှတ်လျှင် ပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲခြင်း ပြုနိုင်သည်။

## အခန်း (၁၁)

### အထွေထွေ

၄၀။ ကွန်ပျူတာနည်းပညာ လွှဲပြောင်းရေးနှင့် စပ်လျဉ်း၍ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးရေး ဥပဒေ အခန်း (၇) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၄၁။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ပြည်ထဲရေး ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့်ကို ရယူရမည်။

၄၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်—

(က) ပညာရေးဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ကောင်စီ သို့မဟုတ် ပညာရေးဝန်ကြီးဌာနသည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်၊

(ဂ) ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

(ကြေညာချက်အမှတ် ၁/၉၆)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ကြေညာချက်

(ကြေညာချက်အမှတ် ၁/၉၆)

၁၃၅၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၂ ရက်

( ၁၉၉၆ ခုနှစ်၊ မတ်လ ၂၀ ရက်)

အစိုးရအဖွဲ့ဝင်ဝန်ကြီးခန့်အပ်ခြင်း

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ဗိုလ်ချုပ်စောလွင် အား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌရုံး ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ) ခင်ညွန့်

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး (၁)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

( ကြေညာချက်အမှတ် ၂/၉၆ )

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ကြေညာချက်

(ကြေညာချက်အမှတ် ၂/၉၆)

၁၃၅၈ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်

(၁၉၉၆ ခုနှစ်၊ မေလ ၂၉ ရက်)

### လုံခြုံရေးနှင့် စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါပုဂ္ဂိုလ်များအား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ လုံခြုံရေးနှင့် စီမံခန့်ခွဲရေးကော်မတီတွင် အဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်လိုက်သည်—

(၁) ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး အေးသောင်၊
(၂) ဝန်ကြီး ဗိုလ်မှူးချုပ် သောင်းမြင့်၊
(၃) ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သန်းညွန့်။

အမိန့်အရ၊

(ပုံ) ခင်ညွန့်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

(ကြေညာချက်အမှတ် ၃/၉၆)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ကြေညာချက်

(ကြေညာချက်အမှတ် ၃/၉၆)

၁၃၅၇ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်

(၁၉၉၆ ခုနှစ်၊ မေလ ၂၉ ရက်)

အစိုးရအဖွဲ့ဝင်ဝန်ကြီးတာဝန်ပြောင်းလဲ ပေးအပ်ခြင်း

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ဗိုလ်ချုပ် စောလွင်အား အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးအဖြစ် ပြောင်းလဲ တာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ၊

(ပုံ) ခင်ညွန့်

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး (၁)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

(ကြေညာချက်အမှတ် ၄/၉၆)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ကြေညာချက်

(ကြေညာချက်အမှတ် ၄/၉၆)

၁၃၅၈ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်

( ၁၉၉၆ ခုနှစ်၊ မေလ ၂၉ ရက်)

## အစိုးရအဖွဲ့ဝင်ဝန်ကြီး တာဝန်ပြောင်းလဲပေးအပ်ခြင်း

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ဗိုလ်မှူးချုပ် မောင်မောင် အား ဒုတိယဝန်ကြီးချုပ်ရုံး ဝန်ကြီးအဖြစ် ပြောင်းလဲ တာဝန်ပေးအပ်ပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်စေလိုက်သည်။

အမိန့်အရ

(ပုံ) ခင်ညွန့်

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး (၁)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

(ကြေညာချက်အမှတ် ၅/၉၆)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ကြေညာချက်

(ကြေညာချက်အမှတ် ၅/၉၆)

၁၃၅၈ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်

(၁၉၉၆ ခုနှစ်၊ မေလ ၂၉ ရက်)

အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ခန့်အပ်ခြင်း

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါပုဂ္ဂိုလ်များအား ၎င်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ဝန်ကြီးဌာန အသီးသီးတွင် ဝန်ကြီးအဖြစ် ခန့်အပ်တာဝန် ပေးလိုက်သည်—

(၁) ဦးအောင်သောင်း .... မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန၊

(၂) ဦးဇောထွန်း .... ကျန်းမာရေး ဝန်ကြီးဌာန၊

(၃) ဦးအောင်စန်း .... ယဉ်ကျေးမှု ဝန်ကြီးဌာန။

အမိန့်အရ

(ပုံ) ခင်ညွန့်
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး (၁)
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

(ကြေညာချက်အမှတ် ၆/၉၆)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ကြေညာချက်

(ကြေညာချက်အမှတ် ၆/၉၆)

၁၃၅၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်

(၁၉၉၆ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်)

## အစိုးရအဖွဲ့ဝင် ဝန်ကြီး ခန့်ထားခြင်း

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ သည် ဦးသောင်း အား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန် ပေးလိုက်သည်။

အမိန့်အရ

(ပုံ) ခင်ညွန့်

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး (၁)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

(ကြေညာချက်အမှတ် ၇/၉၆)

ပြည်ထောင်စုမြန်မာနိုင်ငံတော်

**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့**

**(ကြေညာချက်အမှတ် ၇/၉၆)**

၁၃၅၇ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်

( ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

**အစိုးရအဖွဲ့ဝင် ဝန်ကြီး ခန့်ထားခြင်း**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ဗိုလ်မှူးကြီး စိန်ဝင်းအား အားကစားဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ) ခင်ညွန့်

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး (၁)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

ပ၊စ၊လ/၁၆၆၃/၉၆/ပြည်သူ့လွှတ်တော်ရုံး/၁၀၀၀၀/၉၇/မနလစ။